# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ နတ်တော်လဆန်း (၆) ရက် ၊ သောကြာနေ့ ၊ (6-12-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၂၂၀)


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခံရ




နေပြည်တော် ဒီဇင်ဘာ ၅

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၇ရက်ထိကျင်းပပြုလုပ်လျက်ရှိသော (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ညီလာခံ၌ မြန်မာနိုင်ငံ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အဆိုပြုတင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်" စာတွဲအား ယူနက်စကို၏လူသားမျိုးနွယ်ဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)တွင် ပါဝင်နိုင်ရေး တရားဝင်ဆုံးဖြတ်ခဲ့ပြီးဖြစ်ရာ ယခုဆိုလျှင် မြန်မာနိုင်ငံက တင်သွင်းထားသည့် "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးတရားဝင်ပါဝင်နိုင်ခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ပါဝင်နိုင်ရန်အတွက် ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်နှင့်ပတ်သက်သော အချက်အလက်များ၊ မြန်မာပြည်သူလူထု၏ပြောကြားချက်များ(Communities' Statement)၊ အတာသင်္ကြန်ဆင်နွှဲမှု ရိုးရာဓလေ့ဆိုင်ရာ စာမျက်နှာ ၂၂ ကော်လံ ၄


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မသန်စွမ်းအားကစားပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့် စာမျက်နှာ- ၁၆

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ စာမျက်နှာ- ၁၇

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲအုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် စာမျက်နှာ- ၁၈

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ စာမျက်နှာ- ၂၀









ပွဲကောက်ရေတံခွန်
(BE.FALLS)
အပန်းဖြေစခန်း

BE.FALLS ရဲ့ပန်းပွဲတော်နှင့်အတူ
ပြင်ဦးလွင် ပန်းမြို့တော်၏ သဘာဝပတ်ဝန်းကျင်အလှများကို
လာရောက်ကြည့်ရှု ခံစားနိုင်ပါပြီ။

ရတနာပုံ
၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်
အယ်ဒီတာ့အာဘော်

# ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သကြၤန်ပွဲတော်

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏လူသားမျိုးနွယ်ဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင်ပါဝင်နိုင်ရေး ၂၀၁၃ ခုနှစ်က အဆိုပြုစာတွဲတင်သွင်းထားရာ ယခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့မှ ၇ ရက်နေ့ထိ ပါရာဂွေးနိုင်ငံ၌ကျင်းပလျက်ရှိသော (၁၉)ကြိမ်မြောက် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် ဒီဇင်ဘာ ၅ ရက်နေ့၌ ထိုစာတွဲကို တရားဝင်ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ယခုဆိုလျှင် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပထမဆုံးတရားဝင်ပါဝင်နိုင်ပြီဖြစ်သည့်အတွက် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် နိုင်ငံနှင့်လူမျိုးအဖြစ် ကျက်သရေတင့်တယ်ခဲ့ပြီဖြစ်ပါသည်။

မြန်မာ့ရိုးရာ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်ခြင်းအားဖြင့် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ကမ္ဘာကပိုမိုသိရှိလာမည်ဖြစ်သည်။ ထို့ပြင် ယဉ်ကျေးမှုအမွေကို မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးနိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူတို့၏ အသိအမြင်ပိုမိုပွင့်လန်းလာစေခြင်း၊ သနပ်ခါးလိမ်းခြင်းကဲ့သို့ နိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံများနှင့် အခွင့်အလမ်းကောင်းများ ပိုမိုရရှိလာစေခြင်းအကျိုးကျေးဇူးများ မလွဲမသွေရရှိလာတော့မည်ဖြစ်သည်။

ကိုယ့်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုများပပျောက်ပါက လူမျိုးပါပျောက်ကွယ်သွားနိုင်ပါသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံတကာအဆင့်မီ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါနိုင်ငံတော်အစိုးရ၏အားပေးကူညီမှု၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်းအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများအားလုံး၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် မြန်မာရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဂုဏ်ယူဖွယ်ပါဝင်နိုင်ခဲ့ခြင်းပင်ဖြစ်ပါသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်သည် ရေသဘင်ပွဲဆင်နွှဲကြရုံတစ်ခုတည်းမဟုတ်ဘဲ ဘာသာရေးယုံကြည်ကိုးကွယ်မှု၊ လူမှုရေး အစဉ်အလာဓလေ့များ၊ သဘာဝစကြဝဠာဆိုင်ရာ ဗဟုသုတစသည့် ဒြပ်မဲ့ယဉ်ကျေးမှုနယ်ပယ်များစွာ နက်နက်ရှိုင်းရှိုင်းပါဝင်နေသည့် အလွန်မွန်မြတ်ပြီး အနှစ်သာရရှိသည့်ပွဲတော်တစ်ခုဖြစ်သည်။ မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များတွင်လည်း အထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည့်အပြင် နိုင်ငံ သားအားလုံးသာမက နိုင်ငံခြားသားများစွာကပါ တကူးတကလာရောက်၍ အားရပါးရပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြလေ့ရှိသည့် ပွဲတော်ဖြစ်သည့်အတွက် ယခုကဲ့သို့ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ထိုက်ထိုက်တန်တန်သတ်မှတ်ခံရခြင်းသည် ကမ္ဘာတစ်ဝန်းကပါ ဝမ်းမြောက်ကျေနပ်နေမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသည် ထိုနိုင်ငံ၏နှလုံးသည်းပွတ်၊ ထိုနိုင်ငံသားများ၏ အသက်ပင်ဖြစ်သည်။ လူမျိုးနှင့်ယဉ်ကျေးမှုသည် စွယ်တော်ရွက်ပမာ နှစ်လွှာပေါင်းတစ်ရွက်ကဲ့သို့ တူယှဉ်တွဲလျက်ရှိပေသည်။ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင်၊ မှေးမှိန်ညစ်နွမ်းမှုမရှိအောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် နိုင်ငံသားတိုင်းက နိုင်ငံချစ်စိတ်ဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါသည်။ သို့ပါ၍ ကျန်ရှိနေသေးသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့်၊ အမျိုးသားအဆင့် ဒြပ်မဲ့ယဉ်ကျေးမှုအသီးသီးကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဆင့်အထိ ဆက်လက်တက်လှမ်းနိုင်အောင် စုပေါင်းညီညာစွာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဆန္ဒပြုရေးသားအပ်ပါသည်။

# စွယ်တော်မြတ်စေတီတော်(မန္တလေး)၌ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ



**မန္တလေး ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်(မန္တလေး)၏ ၂၉ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်း ကပ်လှူပွဲနှင့် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါစေတီတော်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီဟနာဒ အမှူးပြု၍ ပင့်သံဃာတော် ၄၆ ပါး ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွယ်တော်မြတ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ မဟာဓမ္မိကာရာမတိုက် ရတနာပုံကျောင်းဆရာတော် အမှူးပြုသောဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူကြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာရာမတိုက်ရတနာပုံကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စွယ်တော်မြတ်စေတီကိုရည်မှန်း၍ ဆရာတော်များအား ရွှေကြာသင်္ကန်းများဆက်ကပ်ပြီးနောက် စွယ်တော်မြတ်နှင့် မုဒြာကိုးမျိုး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ရွှေကြာသင်္ကန်းများ ကပ်လှူကြသည်။

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တ သီဟနာဒထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှဝေပြီး ဆရာတော်၊ သံဃာတော် ၄၆ ပါးကို တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မျိုးကျော်**

# ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျိုက်လတ် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် ကန်စွန်းဥများ ဝယ်ယူအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်တွင် နိုဝင်ဘာလ ဒုတိယပတ်မှ စတင်ပြီး ယနေ့ထိ ဒေသထွက်ကန်စွန်းဥများ အရောင်းအဝယ်ကောင်းမွန်နေပြီး ကန်စွန်းဥ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

''ကန်စွန်းဥ အမျိုးအစားမှာ မြန်မာကန်စွန်းဥနဲ့ ကိုရီးယား ကန်စွန်းဥဆိုပြီး အမျိုးအစား နှစ်မျိုး ရှိပါတယ်။ ဒီဘက်ဒေသမှာတော့ ကန်စွန်းဥအမျိုးအစား နှစ်မျိုးစလုံးကို စိုက်ပျိုးတာတွေ့ရပါတယ်။ လက်ရှိ တောင်သူတွေ စိုက်ထားတဲ့ ကန်စွန်းဥတွေက တော့ စတင်ပေါ်နေပြီဖြစ်ပါတယ်။ အခုလို ကန်စွန်းဥတွေ အရောင်းအဝယ် ကောင်းမွန်နေတော့ စိုက်ပျိုးတဲ့ တောင်သူတွေ အဆင်ပြေလာတာတွေ့ရပါတယ်။ ဒီနှစ် ကန်စွန်းဥကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ် ကောင်းနေတာဖြစ်ပါတယ်''ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်ရှိတောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ကန်စွန်းဥ အပါအဝင် အခြားရာသီပေါ်သီးနှံများကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ကန်စွန်းဥကို တောင်သူတစ်ဦးလျှင် တစ်ဧကမှငါးဧက စသည်ဖြင့်စိုက်ပျိုးကြပြီး ကန်စွန်းဥတစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၃၅၀၀၀၀ ကုန်ကျကာ အကျိုးအမြတ်အနေဖြင့် အပျက်အစီးမရှိပါက ငွေကျပ် ၉၀၀၀၀၀ ကျော်ထိရရှိကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၆၇၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**စစ်ကိုင်း ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ၆၇၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် ဂျုံ ၉၃၆၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၇၉၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြင်းမူမြို့နယ်အတွင်း ဂျုံဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဂျုံသီးနှံစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေးတာတွေ လုပ်ပါတယ်။ ဂျုံအထွက်တိုးအောင် ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ ပေါင်းရှင်းဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဂျုံသီးနှံ အထွက်တိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက် ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ဂျုံသီးနှံစိုက်ပျိုးရာ၌ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်း ဂျုံများ စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဂျုံသီးနှံစိုက်ပျိုးရာတွင် ဂျုံတစ်ဧကစိုက်ပျိုးပါက ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခန့်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၀ တင်း ထွက်ရှိကြောင်း၊ ဂျုံသီးနှံကို နိုဝင်ဘာ၊ အောက်တိုဘာနှင့် ဒီဇင်ဘာလတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလတွင်ထွက်ရှိကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ခနိချပ်ရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဖျာပုံ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ခနိချပ်ရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့အောက်တိုဘာလအတွင်းက ခနိချပ်ရေ ၄၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ခနိချပ်ရေ ၇၅၀၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ ဖျာပုံမြို့နယ်သည် ခနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့် ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ ရောင်းချနေကြောင်း သိရသည်။

"ဖျာပုံမြို့နယ်က တောင်သူတွေက စပါးအပြင် ခနိနဲ့ အခြားသီးနှံတွေကို စိုက်ပျိုးထုတ်လုပ်ပါတယ်။ ခနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်း တစ်ခုထဲမှာ အပါအဝင် ဖြစ်ပါတယ်။ အောက်တိုဘာလထဲမှာ ရန်ကုန်ဈေးကွက်က ခနိဝယ်ယူမှုကောင်းခဲ့ပါတယ်။ အခုလို ဝယ်ယူမှုကောင်းခဲ့တဲ့အတွက် ဒေသခံ ခနိစိုက်ပျိုးသူတွေ၊ ခနိထိုးလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်နေတာကို တွေ့ရပါတယ်"ဟု ဖျာပုံမြို့နယ် ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ခနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မတ္တရာမြို့နယ်ညောင်တုန်းကျေးရွာနေ ကျန်ရစ်သူမိသားစုက ဖခင် ဦးခင်မောင်တင်၊ မိခင် ဒေါ်ချိုချိုဝင်းတို့အားရည်စူး၍ ဆွမ်းအလှူငွေကျပ် ၄၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၅၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက ၉၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၆၀၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၅၄၅ ဧက စုစုပေါင်း ၁၁၅၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း ကြက်သွန်နီ ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ကြက်သွန်နီတွေ အထွက်နှုန်းကောင်းဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေပါတယ်" ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၃၁၀၅ ဧက၊ ကနီမြို့နယ်တွင် ဧက ၄၇၀၊ ဆားလင်းကြီးမြို့နယ်တွင် ၃၅၂၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၂၁၀၀ စုစုပေါင်း ဧက ၉၂၀၀ ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ကြက်သွန်နီစိုက်တောင်သူများကို GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်၊ အရည်အသွေး ကောင်းမွန်သည့် ကြက်သွန်နီများ စိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနများက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကြက်သွန်နီ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီအများဆုံး စိုက်ပျိုးသည့် မြို့နယ်များမှာ မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့ ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဇေယျာသီရိမြို့နယ် ဝက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျည်တောင်ကျေးရွာအုပ်စု ဝက်စုကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝက်စုကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ၊အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၄ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၅သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။

**နော်လူး**

# ဝမ်းတွင်းမြို့နယ် အင်းကန်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းကန်ကုန်း ကျေးရွာအုပ်စု အင်းကန်ကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေဖြင့် ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ အင်းကန်ကုန်းကျေးရွာ၌ အရှည်တစ်မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားအမြင့် နှစ်ပေ၊ ချင်းမြေ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်းက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ကြရန် မှာကြားခဲ့သည်။

အင်းကန်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၁၉ ဒသမ ၇ သန်းဖြင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တိုဘာလ ဒုတိယပတ်ကစတင်၍ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးသွားသဖြင့် အင်းကန်ကုန်းကျေးရွာရှိ တောင်သူများ လယ်ယာထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ်သက်သာစွာဖြင့် သယ်ယူပို့ဆောင် နိုင်တော့မည်ဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**



# စာဆိုတော်နေ့၊ စာဆိုတော်လ၊ နတ်တော်လ

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"လနတ်တော် ပျော်တုန်းမို့၊ အုန်းမြိမ့်မြိမ့်လှာ
တေဇောခေတ်အလာ၊ ရာသီမှာခနု
ပြုဗ္ဗာသင့်မိဂသီ၊ နေ့နာရီ ညဉ့်ကိုလည်းရှူ...။
ရွှေဟသ်ာတာရာပြုနှင့်၊ ပွင့်ဥက မှုံမှုံ
ရွှေသဇင်ဖူးငုံ၊ ဖော်မစုံညွတ်ပျောင်း
မြတ်စာဆိုမဟာ၊ ပူဇော်ရာပွဲကန်တော့ကြောင်း...။
(အမည်မသိစာဆိုဖွဲ့၊ ရှေးတေးရိုး)

သည်အချိန်ရောက်လာလျှင် စာပေကျေးဇူးအထူးထူးတို့ ဖော်ကျူးကွန့်မြူးတောက်ပနေကြလေ့ရှိပါသည်။ အထူးသဖြင့် နတ်တော်လဆန်း ၁ ရက်နေ့ **"စာဆိုတော်နေ့"**ကို အကြောင်းပြု၍ ဂုဏ်ပြုအခမ်းအနားများ၊ စာပေဆုချီးမြှင့်ပွဲများ၊ စာပေဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြပါသည်။

နတ်တော်လဆန်း ၁ ရက်နေ့ကို **"စာဆိုတော်နေ့"** အဖြစ် သက္ကရာဇ် ၁၃၀၆ ခုနှစ်မှစတင်သတ်မှတ်၍ စာပေသဘင်များ ဆင်ယင်ကျင်းပလာခဲ့သည်မှာ ယခု ၁၃၈၆ ခုနှစ်တွင် နှစ် (၈၀) မြောက် ခရီးရောက်ခဲ့လေပြီ။

**"နတ်တော်လနှင့် စာဆိုတော်နေ့" "စာပေဂုဏ်ရောင် ထွန်းပြောင်စေသောနေ့နှင့် စာဆိုတော်လ" "နတ်ပျော်လမှ စာဆိုတော်လ"**စသည်ဖြင့် မြန်မာလဆယ့်နှစ်လအနက် ကိုးလမြောက် နတ်တော်လ၏ ထူးခြားမှုများကို စူးစမ်းစေ့ငု မှတ်တမ်းပြုကြပါသည်။

ပုဂံခေတ်ကျောက်စာများတွင် နတ်တော်လကို **"နတ္တာဝ်၊ နတ်တော်ဝ်၊ နတ္တဝ်၊ နတ်တင်"** စသည်ဖြင့် ရေးထိုးမှတ်တမ်းတင်ထားခဲ့ကြသည်။ **"နတ်၊ နထ်၊ နာထ"**(ပါဠိဝေါဟာရ) ကိုးကွယ်ဆည်းကပ်ရာ။ **"တော်"** ကြီးကဲသူ၊ မြင့်မြတ်သူ။ ထို့ကြောင့် ကြီးကဲမြင့်မြတ်သူ ပညာရှင်ကြီးများအား ကိုးကွယ်ပူဇော်ချီးမြှောက်သောလ၊ အခါသမယဟု သတ်မှတ်ထားခဲ့ကြပါသည်။ နတ်တို့ကိုအကြောင်းပြု ပေါ်ပေါက်လာသောလ၊ နတ်တို့ပျော်မြူးကြလေ့ရှိသဖြင့် **"နတ်ပျော်"** လဟုလည်း ခေါ်ခဲ့ကြသည်။

ပုဂံခေတ်ဦးက မင်းမဟာဂီရိနတ်မောင်နှမကို ကိုးကွယ်မှုအစပျိုးခဲ့ကြရာမှ နတ်ကိုးကွယ်မှုအစဉ်အလာသည် ယနေ့ထိရှိနေကြဆဲပင်။ ရှင်အရဟံ မထေရ်နှင့် အနော်ရထာမင်းတို့ကြောင့် ပုဂံခေတ်၏ ပုပ္ပားတောင်ရှိ နတ်ကိုးကွယ်မှုသည် တဖြည်းဖြည်း လျော့နည်းလာခဲ့သည်။ အင်းဝခေတ်တွင် ပုပ္ပားနတ်တောင်အစား မဟာပိန္နဲနတ်ကိုးကွယ်မှု ထွန်းကားလာခဲ့သည်။

တောင်ငူခေတ် ကောဇာနှစ် ၉၁၈ ခန့်တွင် ဘုရင့်နောင်မင်းတရားကြီးလက်ထက်၌ မဟာပိန္နဲနတ်တို့ကို ကိုးကွယ်ကြမည့်အစား နိုင်ငံအတွက် နှလုံးရည်၊ လက်ရုံးရည် ထူးချွန်ပြည့်စုံသူများကိုသာ ချီးမြှင့်ပူဇော်စေခဲ့သည်။

ကုန်းဘောင်ခေတ် (ကောဇာနှစ် ၁၁၄၃ ခန့်) ဘိုးတော်မင်းတရားက(နာထ)နတ်မည်ထိုက်စွာသောကာယ၊ ဉာဏစွမ်းရည်ထက်မြက်သော စာပေပညာရှင်များကို ဂုဏ်ရည်ဘွဲ့အသီးသီးဖြင့် ပူဇော်စေခဲ့သည်။ ထို့ကြောင့် ကုန်းဘောင်ခေတ်တွင် နတ်ကိုးကွယ်မှုများ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့သည်။ စာဆိုတော်ကြီးများကိုပူဇော်ခဲ့ကြသည့် အစဉ်အလာအစဟု မှတ်တမ်းပြုထားကြပါသည်။

**"ဂမုန်းအင်နှင့် သဇင်ပွင့်ပေါ်၊ လနတ်တော်"**၏ ရာသီအမည်က **"ဓနု"**၊ စန်းပြည့်နက္ခတ်က **"မိဂသီ"**၊ ယှဉ်တာရာက **"ဟသ်ာတာရာ"**ရာသီရုပ်က **"လေးစွဲယောက်ျား"**၊ ရာသီပန်းက **"သဇင်ပန်း"**၊ ရာသီပွဲက **"မဟာပိန္နဲနတ်"** (စာဆိုတော်ပွဲ)၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"ဗောဓိညောင်ပင်"**၊ ရက်ရာဇာက **"ဗုဒ္ဓဟူး၊ သောကြာ"**၊ ပြဿဒါးက **"ကြာသပတေး၊ စနေ"**စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

ရှေးခေတ်က နတ်တော်လ၏ရာသီပွဲနှင့် ရိုးရာဓလေ့မှာ ဆင်ဖမ်းပွဲနှင့် နတ်ပူဇော်ပွဲများ ကျင်းပခဲ့ကြသော်လည်း ကုန်းဘောင်ခေတ်တွင် ထိုဓလေ့များမေးမှိန်သွားခဲ့ပြီး ပညာရှိစာဆိုအကျော်အမော်တို့ကို ချီးမြှင့်ဂုဏ်ပြုပွဲများ ကျင်းပလာခဲ့ကြသည်။ သူ့ကျွန်ဘဝတွင်မူ စာပေပညာရှင်ကြီးများသည် နှလုံးရည်တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်နေခဲ့ကြသော်လည်း ချီးမြှင့်မြှောက်စားခွင့်အခြေအနေမပေးခဲ့သောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ သူတို့ကို အမှုကွန်းတင်ထားခဲ့ကြရပါသည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေသော ဂန္ထဝင်စာပေပညာရှင်ကြီးများအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခွင့်ရခဲ့ကြပါသည်။

**❖ သူ့ကျွန်ဘဝတွင်မူ စာပေပညာရှင်ကြီးများသည် နှလုံးရည် တပ်သားကောင်းများအဖြစ် ကလောင်လက်နက်ဖြင့် နယ်ချဲ့တို့ကို သမိုင်းပေးတာဝန်ကျေပွန်စွာ တွန်းလှန်တိုက်ခိုက်နေခဲ့ကြသော် လည်း ချီးမြှင့်မြှောက်စားခွင့် အခြေအနေမပေးခဲ့သောကြောင့် လွတ်လပ်ရေးရရှိပြီးမှသာ သူတို့ကို အမှုကွန်းတင်ထားခဲ့ကြရပါ သည်။ ဇာတိသွေး၊ ဇာတိမာန် ထက်သန်စေသော ဂန္ထဝင်စာပေပညာရှင် ကြီးများအဖြစ် ဂုဏ်ပြုအမွှမ်းတင်ခွင့်ရခဲ့ကြပါသည်။ ထိုသို့ဂုဏ်ပြု အမွှမ်းတင်ခွင့်ရရှိရေးအတွက် စာဆိုတော်နေ့ ပေါ်ထွန်းလာခဲ့ ခြင်းဖြစ်သည်။ ❖**

ထိုသို့ဂုဏ်ပြုအမွှမ်းတင်ခွင့်ရရှိရေးအတွက် စာဆိုတော်နေ့ ပေါ်ထွန်းလာခဲ့ခြင်းဖြစ်သည်။ ဂျပန်ခေတ်ကာလက ပညာတံခွန်အသင်းသည် ကွမ်းခြံကုန်းမြို့၌ (ဆရာကြီး မင်းသုဝဏ်နှင့် ဆရာမကြီး ဒေါ်နုယဉ်တို့ မောင်နှမ၏ဇာတိမြို့) အဘိဓာန်နှင့် ပညာစွယ်စုံကျမ်းများ ပြုစုရေးလုပ်ငန်းဆောင်ရွက်နေစဉ် **"ဦးပုညနေ့"**ကျင်းပကြရန်၊ ရန်ကုန်မြို့ရှိ ပညာတံခွန်အသင်းကြီးသို့ တင်ပြခဲ့သည်။ အသင်းကြီးက စာဆိုတော်တစ်ဦးအတွက် နေ့တစ်နေ့သတ်မှတ်ကျင်းပခြင်းထက် စာဆိုတော်အများနှင့် သက်ဆိုင်သောနေ့တစ်နေ့အဖြစ် လေးနက်ကျယ်ပြန့်စွာ၊ သတ်မှတ်ကျင်းပခြင်းက ပိုမို၍သက်ဝင်ထိရောက်နိုင်ကြောင်း ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် စာပေပညာရှင်များ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းမှ တာဝန်ရှိသူများနှင့် ပညာတံခွန်အသင်းမှပုဂ္ဂိုလ်များ၊ ၁၉၄၄ ခုနှစ် မေ ၈ ရက်တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး **"ဦးပုညနေ့"**အစား **"ဗမာ့စာဆိုတော်နေ့"**အဖြစ် ကျင်းပရန်နှင့် စာဆိုတော်နေ့ကို နှစ်စဉ်မြန်မာနှစ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း ကျင်းပသွားရန် သတ်မှတ်ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ဆုံးဖြတ်ချက်အရ ပထမအကြိမ်စာဆိုတော်နေ့ အခမ်းအနားကို ၁၉၄၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်၊ (၁၃၀၆ ခုနှစ်)တွင် စတင်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက ဝိဇယပြဇာတ်ကခဲ့သည်။ အနယ်နယ်အရပ်ရပ်မှာလည်း စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများ၊ စကားရည်လုပွဲများ၊ စာပေသရုပ်ဖော်ပွဲများ၊ စာပေပြိုင်ပွဲများနှင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

ထိုအချိန်မှစ၍ နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့တိုင်း အခမ်းအနားများကို ရန်ကုန်မြို့အပါအဝင် နိုင်ငံတော်အနှံ့အပြားတွင် ကျင်းပခဲ့ကြသည်။ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းက ဦးဆောင်ကျင်းပခဲ့ရာ သက်ကြီးဝါကြီး စာရေးဆရာကြီးများကို ကန်တော့ခဲ့ကြခြင်း၊ စာပေဟောပြောပွဲများ ကျင်းပခဲ့ကြခြင်း၊ ညပိုင်းတွင် ရှေးစာဆိုတစ်ဦးဦး၏ အတ္ထုပ္ပတ္တိဇာတ်အိမ်ဖွဲ့ကာ နာမည်ကျော်စာရေးဆရာ၊ ဆရာမများကိုယ်တိုင်၊ သရုပ်ဆောင်များအဖြစ် ပါဝင်ပြီး ပြဇာတ်များ တင်ဆက်ကပြခြင်းဖြင့် စာပေသဘောအရ စာဆိုတော်ကြီးများကို ဂုဏ်ပြုခဲ့ကြခြင်း၊ နေ့ဘက်မှာ စာရေးဆရာများသာ ပါဝင်သောအခမ်းအနားများကို ကျင်းပခဲ့ကြပြီး ညဘက်မှာ ပြည်သူများ ကြည့်ရှုခံစားနိုင်ကြစေရန် ပြဇာတ်များဖြင့် ဖျော်ဖြေခဲ့ခြင်း၊ ထို့ပြင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **"စာပေ" "စာရေးဆရာ"** စသည့်စာစောင်မဂ္ဂဇင်းများထုတ်ဝေခဲ့ခြင်း၊ ၁၃၁၂ ခုနှစ် စာဆိုတော်နေ့အခမ်းအနားကို လူထုအစည်းအဝေးအခမ်းအနားကြီးအဖြစ် လှုံ့ဆော်စည်းရုံးခဲ့ကြပြီး **"စာဆိုတော်နေ့ကို တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ကျင်းပနိုင်ရန်"** စတင်ဆောင်ရွက်နိုင်ခြင်း စသည့်အစဉ်အလာကောင်းများ ရှိခဲ့ကြသည်။

စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာဆိုတော်တစ်ဦးချင်းကို ဂုဏ်ပြုအမွှမ်းတင်သည့်အနေဖြင့် ၁၃၀၆ ခုနှစ်မှစတင်၍ နှစ်စဉ်တင်ဆက်ကပြခဲ့ကြသော ပြဇာတ်များကို ၁၃၁၇ ခုနှစ်ထိ ဆက်လက်ကပြခဲ့ကြသော်လည်း ၁၃၁၉ ခုနှစ်မှစ၍ ထိုအစီအစဉ်ကို ရပ်နားခဲ့ကြသည်။ သို့သော် အနယ်နယ်အရပ်ရပ်တွင် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် စာပေဟောပြောပွဲများသာမက စာပေပြိုင်ပွဲများ၊ စကားရည်လုပွဲများနှင့် ပဒေသာကပွဲများကို ကျင်းပခဲ့ကြသည်။

**"စာဆိုတော်နေ့"**ကို ၁၉၄၄ ခုနှစ်(၁၃၀၆) ခုနှစ်မှ စတင်၍ ကျင်းပခဲ့သော်လည်း **"မြန်မာနိုင်ငံစာရေးဆရာအသင်း"**ကိုမူ ၁၉၄၀ ပြည့်နှစ်(၁၃၀၂) ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဖဆပလအစိုးရလက်ထက်တွင် **"မြန်မာနိုင်ငံစာရေးဆရာအသင်း"** တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"**၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်တွင် **"မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့"**၊ ဒီမိုကရေစီခေတ်ပြောင်းလာသောအခါ **"မြန်မာနိုင်ငံစာရေးဆရာအသင်း"** ဟူ၍ အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ခေတ်အဆက်ဆက်၌ စာပေအသင်းအဖွဲ့များတွင် ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသော စာပေပညာရှင်ကြီးများမှာ ဒီးဒုတ်ဦးဘချို(၁၉၄၀)၊ ဂျာနယ်ကျော် ဦးချစ်မောင်(၁၉၄၅-၁၉၄၆)၊ ဒဂုန်နတ်ရှင်(၁၉၄၆-၁၉၄၇)၊ မြို့မမောင်(၁၉၄၇-၁၉၄၈)၊ မဟာဆွေ (၁၉၄၈-၁၉၄၉)၊ ဦးတင့်ဆွေ (၁၉၄၉-၁၉၅၀)၊ ဂျာနယ်ကျော်မမလေး(၁၉၄၉-၁၉၅၀)၊ ဒဂုန်တာရာ (၁၉၅၀-၁၉၅၁)၊ ရွှေပိန်သောင်း(၁၉၅၁-၁၉၅၂)၊ ဇဝန(၁၉၅၂-၁၉၅၃)၊ ဇဝန(၁၉၅၃-၁၉၅၄)၊ ဦးထင်ဖတ် (၁၉၅၄-၁၉၅၅)၊ ဦးသိန်းဖေမြင့် (၁၉၅၆-၁၉၅၇)၊ ဦးသိန်းဖေမြင့်( ၁၉၅၇-၁၉၅၈)၊ ဥက္ကဋ္ဌ ဦးသိန်းဖေမြင့် (၁၉၆၂) အတွင်းရေးမှူး စိန်ခင်မောင်ရီတို့ဖြစ်ကြသည်။ **"၁၉၅၇-၅၈ ခုနှစ် စာရေးဆရာအသင်း၏ နာယကများမှာ ဆရာကြီးသခင် ကိုယ်တော်မှိုင်းနှင့် ဝန်ကြီးချုပ်ဦးနု"**တို့ဖြစ်ကြသည်။

တော်လှန်ရေးကောင်စီတက်လာပြီးနောက်ပိုင်း **"မြန်မာနိုင်ငံစာပေလုပ်သားအဖွဲ့"**တွင် ဦးဝန် (မင်းသုဝဏ်) (၁၉၆၆-၁၉၇၆) ၁၀ နှစ်၊ ဦးထိန်လင်း (ဗိုလ်တထောင်) (၁၉၇၆-၁၉၇၉)လေးနှစ်၊ ဦးအုန်းဖေ (တက်တိုး)(၁၉၇၉)၊ ဦးထွန်းတင်(မန်းတင်) (၁၉၇၉-၁၉၈၄) ငါးနှစ်၊ ဦးဝင်းဖေ(မြဇင်) (၁၉၈၄-၁၉၈၈) လေးနှစ် ထမ်းဆောင်ခဲ့ကြပြီး **"မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့"**တွင် ဦးခင်မောင်အေး(ခင်မောင်အေး-မန္တလေး) (၁၉၈၈-၁၉၈၉)၊ တစ်နှစ်၊ ဦးစိုးညွန့် (ထိလာစစ်သူ) (၁၉၈၉-၁၉၉၃) လေးနှစ်၊ ဦးမျိုးသန့် (မောင်ဆုရှင်) (၁၉၉၃-၁၉၉၈) ငါးနှစ်၊ ဦးကျော်အောင် (ကျော်အောင်) (၁၉၉၈-၂၀၀၀) နှစ်နှစ်၊ ဦးလှမြိုင် (ကိုဆောင်း) (၂၀၀၀-၂၀၁၀) ၁၀ နှစ်၊ ဦးတင်ခ (တက္ကသိုလ်တင်ခ)(၂၀၁၀)၊ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) (၂၀၁၀-၂၀၁၂) နှစ်နှစ်၊ **"မြန်မာနိုင်ငံစာရေးဆရာအသင်း "**တွင် ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) (၂၀၁၂-၂၀၁၆) လေးနှစ်၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း) (၂၀၁၆-၂၀၂၁) ငါးနှစ်၊ ဒေါ်ချိုချိုတင်(မစန္ဒာ) (၂၀၂၁-၂၀၂၂)၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) (၂၀၂၂ ခုနှစ်မှ ယနေ့ထိ) ထမ်းဆောင်ခဲ့ကြသည်။

လက်ရှိ မြန်မာနိုင်ငံစာရေးဆရာအသင်းသည် ဆရာကြီး မင်းသုဝဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော စာပေလုပ်သားအဖွဲ့ကိုအခြေခံပြီး ဖွဲ့စည်းခဲ့သောကြောင့် ၅၈ နှစ် သက်တမ်းရှိခဲ့လေပြီ။ မြို့နယ်ပေါင်း ၂၀၁ မြို့နယ်တွင် မြို့နယ်အသင်း ၂၀၁ သင်း ဖွဲ့စည်းထားပြီး အသင်းဝင် ၅၀၀၀ ကျော်ရှိသည်။

အမှန်တကယ်တွေးကြည့်လျှင် နယ်ချဲ့လက်အောက် ၁၉၄၀ ပြည့်နှစ်ကတည်းက ဒီးဒုတ်ဦးဘချိုဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော **"မြန်မာနိုင်ငံစာရေးဆရာအသင်းကြီး"** ပထမပိုင်း(၁၉၄၀ မှ ၁၉၆၂ ထိ) ၂၂ နှစ်၊ ဒုတိယပိုင်း (၁၉၆၆ မှ ၂၀၂၄ ထိ) ၅၈ နှစ် စုစုပေါင်း နှစ်ပေါင်း ၈၀ စိန်ရတုခရီးကိုပင် ကျော်လွန်ခဲ့လေပြီ။

မြန်မာနိုင်ငံစာရေးဆရာအသင်းကြီးသည် ခေတ်စနစ်အမျိုးမျိုးကြောင့်သာ အမည်အမျိုးမျိုးပြောင်းလဲခဲ့ရသော်လည်း **"အမျိုး၏ဂုဏ်၊ ဇာတိဂုဏ်၊ စာပေဂုဏ်ကိုမြှင့်"** ဆောင်ပုဒ်နှင့်အညီ မူလကတည်းက တူညီဆန္ဒအရ ချမှတ်ခဲ့သော **"စာပေလောကသားများအကျိုးအတွက် သယ်ပိုးထမ်းရွက်ရန်"** ရည်ရွယ်ချက်ကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးအနေဖြင့် စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ် **"အသက် ၈၀ နှစ်နှင့် ၈၀ နှစ်အထက် သက်ကြီးစာပေပညာရှင်ကြီးများ(နှလုံးရည်တပ်သားသူရဲကောင်းကြီးများ)ပူဇော်ကန်တော့ပွဲ"**ကို နှစ်စဉ်မပျက်ဆက်လက်ကျင်းပလာခဲ့ရာ ၃၆ ကြိမ်ရှိခဲ့သည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**အင်းတော် ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၂၂၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၁၀၉၆၅ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၂၂၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် အင်းတော်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နေကြာဧက ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပက စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံ နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံနေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် ပိုများပါတယ်။ နေကြာကို မိုးမှာထက်ဆောင်းမှာပဲ အဓိကထားစိုက်ကြတာပါ"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်မည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် အင်းတော်မြို့နယ်တွင် နေကြာစိုက် မည့်တောင်သူများကို မျိုးစေ့များ ထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယား ဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေးစီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

➤ စာမျက်နှာ ၄ မှအဆက်

စာပေလုပ်သားအဖွဲ့က ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်ထိ ရှစ်ကြိမ်၊ စာပေနှင့် စာနယ်ဇင်းအဖွဲ့က ၁၉၉၄ခုနှစ်မှ ၂၀၁၁ ခုနှစ်ထိ ၁၈ ကြိမ်၊ စာရေးဆရာအသင်းက ၂၀၁၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်ထိ ၁၀ ကြိမ် စုစုပေါင်း ၃၆ ကြိမ်ရှိခဲ့လေပြီ။ ယခုနှစ် ၃၇ ကြိမ်မြောက် ပူဇော်ပွဲကျင်းပရန်စီစဉ်နေကြလေပြီ။ ကိုဗစ်ကာလတွင်မူ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို လုံးဝကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားထားကြရသော်လည်း ၂၀၂၂ခုနှစ်တွင် ၃၅ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲမှစ၍ နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့သည်။

**"စာဆိုတော်နေ့ ဖွားဖက်တော်ဖြစ်သည့် စာပေဟောပြောပွဲများ"**

ကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်ကျယ်ပြန့်လာခဲ့ရာ စာဆိုတော်နေ့အထိမ်းအမှတ်သာမကတော့ဘဲ ဆယ့်နှစ်လရာသီ၊ နေ့ကြီးရက်ကြီး အထိမ်းအမှတ်ဂုဏ်ပြုပွဲများတွင်ပါ စာပေဟောပြောပွဲများ ကျင်းပလာခဲ့ကြသည်။ မြို့နယ်များမှာသာမက ကျေးလက်တောရွာများ၊ စာသင်ကျောင်းများ၊ သင်တန်းများမှာပါ ကျင်းပလာခဲ့ကြသည်။ ပြည်ပရောက် မြန်မာများကပါ ပြည်ပနိုင်ငံများသို့ စာရေးဆရာ၊ ဆရာမများကို တကူးတက အကုန်အကျခံ ဖိတ်ကြားကာ စာပေဟောပြောပွဲများကို နှစ်စဉ်ကျင်းပခဲ့ကြသည်။ ကမ္ဘာပေါ် မြန်မာတစ်နိုင်ငံတည်းမှာသာရှိသော စာပေဟောပြောပွဲများ၏ဂုဏ်ရောင်မှာ ထွန်းပြောင်နေသည်။

စာဆိုတော်နေ့အထိမ်းအမှတ် **"အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ"**ချီးမြှင့်ပွဲကို နှစ်စဉ်မပျက် ကျင်းပနိုင်ခဲ့သည့်နည်းတူ အခြားနီးနွယ်စာပေဆုများ ချီးမြှင့်ပွဲကိုလည်း အခါအားလျော်စွာ ကျင်းပနိုင်ခဲ့ကြသည်။

အခက်အခဲအကျပ်အတည်းများကြားကပင် စာပေကို မြတ်နိုးတန်ဖိုးထားကြသူများက စာပေ၏ဂုဏ်ကျေးဇူးအထူးထူးကို ဖော်ကျူးနေကြသောကြောင့် မြန်မာစာပေလောကအတွက် အားတက်ဝမ်းသာပီတိဖြာကာ ဂုဏ်ယူကျေနပ်နေကြရပါသည်။

**ကိုးကား**

- **ဝိသဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ်နှစ်လရာသီဘွဲ့။**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍။**
- **မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ်၊ ကန်တော့ခံစာပေပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း (၂၀၁၉)**

## စိတ်တစ္ဆေ

\- ရေသန့်တဲ့ဆို
အလိုလို စိတ်မသန့်၊
တစ်ငုံစာ တစ်စက်တစ်ပေါက်တောင်
သောက်ရမှာလန့်။

\- ဆီသန့်တဲ့ဆို
အလိုလိုစိတ်မသန့်၊
အိုးလူးနယ် ဒယ်အကပ်တောင်
ခပ်ရမှာလန့်။

\- ဆန်သန့်တဲ့ဆို
အလိုလို စိတ်မသန့်၊
တစ်လုတ်စာ တစ်ဖွဲ့တစ်စတောင်
စားရမှာလန့်။

\- ဓလေ့ဘုံနယ်
တွေ့ကြုံကြွယ် စုံသလောက်၊
အသိမလှပေဘု
ဝိသမ အလံထူလို့
ဘယ်သူသေ ငတေအသာရစေပေ့ါ
လောဘတွေ ပွေကာခြုံတဲ့
မြေကမ္ဘာဘုံ တစ်နံတစ်လျားမှာဖြင့်
အပြန်အသွား မြင်ရာရာလည်း
မသင်္ကာ စိုးတထိတ်ထိတ်နဲ့
စိတ်တစ္ဆေခြောက်။ ။

ချစ်စုအောင်

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ရုရှားနှင့် အမေရိကန်စစ်ရေးခေါင်းဆောင်များ ပထမဆုံးအကြိမ် ဖုန်းခေါ်ဆိုဆွေးနွေး



**ဝါရှင်တန် ဒီဇင်ဘာ ၅**

ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဗလ်လာရီဂျီရာဆီမော့နှင့် အမေရိကန် ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ ဥက္ကဋ္ဌ လေတပ်ဗိုလ်ချုပ်ကြီး စီကျူဘာရောင်းတို့အကြား ဖုန်းခေါ်ဆိုဆွေးနွေးမှုပြုလုပ်ခဲ့ကြောင်း အမေရိကန်တပ်မတော်က ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နှင့် ရုရှားစစ်ရေးခေါင်းဆောင်နှစ်ဦးတို့သည် နိုဝင်ဘာ ၂၇ ရက်တွင် ဖုန်းခေါ်ဆိုဆွေးနွေးခဲ့ကြခြင်း ဖြစ်ကြောင်း အမေရိကန်တပ်မတော်၏ အဆိုအရ သိရသည်။

နိုဝင်ဘာ ၂၇ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့နှင့် ဗိုလ်ချုပ်ကြီး စီကျူဘာရောင်းတို့သည် ယူကရိန်းစစ်ရေးပဋိပက္ခအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး ကိစ္စများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဖုန်းခေါ်ဆိုဆွေးနွေးပွဲသည် စီကျူဘာရောင်းနှင့် ဂျီရာဆီမော့တို့အကြား ပထမဆုံးဆွေးနွေးပွဲဖြစ်ပြီး ယူကရိန်းစစ်ပွဲကြောင့် ရုရှားနှင့် အမေရိကန်နိုင်ငံတို့အကြား တင်းမာမှုများမြင့်တက်လာချိန်တွင် ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲဖြစ်သည်။

ရုရှားကာကွယ်ရေး ဝန်ကြီးဌာန၏ မေတ္တာရပ်ခံချက်အရ ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့နှင့် စီကျူဘာရောင်းတို့၏ ဖုန်းခေါ်ဆိုဆွေးနွေးပွဲကို ချက်ချင်းသတင်းထုတ်ပြန်မှု မလုပ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်တပ်မတော်တာဝန်ရှိသူများက ပြောကြားထားသည်။

ယူကရိန်းနိုင်ငံက အမေရိကန်နိုင်ငံထုတ်တာဝေးပစ်ဒုံးကျည်များဖြင့် ရုရှားကို ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် ရုရှားနှင့် အမေရိကန်နိုင်ငံတို့အကြား ဆက်ဆံရေးတင်းမာလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဗီယက်နမ်တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်စဉ် မတော်တဆပေါက်ကွဲမှုကြောင့် ၁၂ ဦး သေဆုံး

**ဟန္နိုင်း ဒီဇင်ဘာ ၅**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း၌ စစ်ရေးလေ့ကျင့်မှုတစ်ခု ပြုလုပ်စဉ် မတော်တဆပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ဗီယက်နမ်တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးခဲ့ရကြောင်း ဗီယက်နမ်နိုင်ငံပိုင်မီဒီယာများက ဒီဇင်ဘာ ၄ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါပေါက်ကွဲမှုသည် ဒေါင်နိုင်ပြည်နယ် အမှတ်-၇ စစ်ဒေသ လေ့ကျင့်ရေးနယ်မြေ တစ်ခု၌ ဒီဇင်ဘာ ၂ ရက်က ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ် တပ်ဖွဲ့ဝင်များက စစ်ရေးလေ့ကျင့်မှု ပြုလုပ်စဉ် ဖောက်ခွဲရေးပစ္စည်းများ သယ်ယူရာမှ မိုးကြိုးထိမှန်မှုကြောင့် ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဗီယက်နမ် တပ်ဖွဲ့ဝင်များ စစ်ရေးလေ့ကျင့်မှု ပြုလုပ်နေစဉ် လေ့ကျင့်ရေး နယ်မြေအတွင်း မိုးများသည်းထန်စွာရွာသွန်းနေပြီး မိုးကြိုးမုန်တိုင်းများလည်း တိုက်ခတ်နေကြောင်း သိရသည်။

ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့ရသည့် တပ်ဖွဲ့ဝင်အများစု၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိထားပြီး ပျောက်ဆုံးနေသူများကို ရှာဖွေနေဆဲဖြစ်ကြောင်း ဗီယက်နမ်တပ်မတော်က သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို တိတိကျကျ နားလည်ရေးအတွက် ဗီယက်နမ်တပ်မတော်က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO


## ရပ်ဝန်းနှင့်လမ်းမူဘောင်သဘောတူညီချက် တရုတ်နှင့် နီပေါတို့ လက်မှတ်ရေးထိုး

**ပေကျင်း ဒီဇင်ဘာ ၅**

ရပ်ဝန်းနှင့်လမ်း အစီအစဉ်ဆိုင်ရာ မူဘောင်သဘောတူညီချက်တစ်ရပ်ကို နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံတို့က နိုဝင်ဘာ ၄ ရက်တွင် လက်မှတ်ရေးထိုး နိုင်ခဲ့ကြောင်း သိရသည်။

နီပေါဝန်ကြီးချုပ် ပရာဆက်ရှားမားအိုလီ၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ရပ်ဝန်းနှင့်လမ်း အစီအစဉ် မူဘောင်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြခြင်း ဖြစ်သည်။

ရပ်ဝန်းနှင့်လမ်းအစီအစဉ်သည် တရုတ်အစိုးရ၏ အဓိက နိုင်ငံတကာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး စီမံကိန်းကြီးဖြစ်ပြီး အာရှ၊ ဥရောပနှင့် အာဖရိကကို ကုန်းတွင်းနှင့် ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများဖြင့် ချိတ်ဆက်ပေးမည်ဖြစ်သည်။



နီပေါနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ရပ်ဝန်းနှင့်လမ်းအစီအစဉ်အတွက် ပဏာမသဘောတူညီချက်တစ်ရပ်ကို ၂၀၁၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

နီပေါဝန်ကြီးချုပ် ပရာဆက်ရှားမားအိုလီသည် လေးရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် ဒီဇင်ဘာ ၂ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့သို့ စတင်ရောက်ရှိခဲ့သည်။

အဆိုပါခရီးစဉ်သည် ဝန်ကြီးချုပ်ရာထူးကို ယခုနှစ် ဇူလိုင်လအတွင်း ပြန်လည်ရယူနိုင်ခဲ့သည့် နီပေါဝန်ကြီးချုပ်ပရာဆက်ရှားမားအိုလီအတွက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဂျပန်၏ ဆာကေးဆန်အရက်ချက်လုပ်မှုအတတ်ပညာ ကမ္ဘာ့ယဉ်ကျေးမှုဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရ

**အာဆွန်စီယွန် ဒီဇင်ဘာ ၅**

ကုလသမဂ္ဂပညာရေး၊ယဉ်ကျေးမှုနှင့် သိပ္ပံအဖွဲ့(ယူနက်စကို)သည် ဂျပန်နိုင်ငံ၏ ဆာကေးဆန်အရက်ချက်လုပ်နည်းကို ကမ္ဘာ့ယဉ်ကျေးမှုဒြပ်မဲ့အမွေအနှစ်အဖြစ် ဒီဇင်ဘာ ၄ ရက်က စာရင်းသွင်းသတ်မှတ်ခဲ့ကြောင်း သိရသည်။

ပါရာဂွေးနိုင်ငံ အာဆွန်စီယွန်မြို့၌ကျင်းပခဲ့သည့် ယူနက်စကို ဆွေးနွေးပွဲတွင် ဂျပန်ဆာကေးအရက်ချက်လုပ်နည်းကို ကမ္ဘာ့ယဉ်ကျေးမှု ဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ဆာကေးအရက်ချက်လုပ်နည်းကို ကမ္ဘာ့ယဉ်ကျေးမှုဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ခြင်းအတွက် ဆာကေးအရက်အပေါ် နိုင်ငံတကာ၏ စိတ်ဝင်စားမှုမြင့်တက်လာလိမ့်မည်ဟု ဂျပန်ဆာကေး ထုတ်လုပ်သူများက မျှော်လင့်ထားသည်။




ဆာကေးဆန်အရက်သည် ဂျပန်လူ့အဖွဲ့အစည်းနှင့် အစဉ်အလာများတွင် ရာစုနှစ်ပေါင်းများစွာရှိခဲ့သော်လည်း ပြည်တွင်း၌ ဝယ်ယူသောက်သုံးမှုနှုန်း ကျဆင်းလျက်ရှိသည်။

သို့ရာတွင် နိုင်ငံတကာတွင်မူ ဆာကေးဆန်အရက် ဝယ်ယူသောက်သုံးမှုနှုန်းမှာ တဖြည်းဖြည်းမြင့်မားလာကြောင်း သိရသည်။

အာဆွန်စီယွန် ဆွေးနွေးပွဲတွင် ယူနက်စကိုသည် ဂွါတီမာလာနိုင်ငံ၏ ရောမသစ်သားစည်ကြီးများ ဖန်တီးမှုအတတ်ကိုလည်း ကမ္ဘာ့ယဉ်ကျေးမှုဒြပ်မဲ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## မက္ကဆီကို၌ တစ်ရက်တည်းတွင် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူ ဦးရေ ၅၀၀၀ ကျော် ဖမ်းဆီး

**မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၅**

မက္ကဆီကို အာဏာပိုင်များသည် ဒီဇင်ဘာ ၃ ရက် တစ်ရက်တည်းတွင် နိုင်ငံတစ်ဝန်းလုံး၌ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူ ၅၂၀၀ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

အမေရိကန်-မက္ကဆီကို နယ်စပ်တစ်လျှောက် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်သူများ ရောက်ရှိလာမှုကို တားဆီးပေးရန် အမေရိကန်နိုင်ငံ၏ ဖိအားပေးမှုနှင့် ရင်ဆိုင်နေရစဉ် မက္ကဆီကိုတာဝန်ရှိသူများက တစ်ရက်တည်းဖြင့် ရွှေ့ပြောင်းဝင်ရောက်သူ ၅၀၀၀ ကျော်ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာ ၅ ရက် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရှိထားသည့် ရီပတ်ဘလီကန်သမ္မတလောင်း ဒေါ်နယ်ထရန့်သည် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများ နယ်စပ်ဖြတ်ကျော်မှုကို တားဆီးပေးရန် မက္ကဆီကိုအစိုးရအား တိုက်တွန်းထားသည်။

ယခုနှစ်အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃ ရက်ကြား ကာလအတွင်း မက္ကဆီကိုရေတပ်သည် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူပေါင်း ၃၅၀၀၀၀ နီးပါးထိ ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဒီဇင်ဘာ ၃ ရက် တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူဖမ်းဆီးမှုများကို မက္ကဆီကိုကြည်းတပ်၊ အမျိုးသား အစောင့်တပ်နှင့် ရဲတပ်ဖွဲ့တို့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗဟိုအမေရိကမှ တရားမဝင်ရွှေ့ပြောင်းဝင်ရောက်သူများသည် မက္ကဆီကိုအားဖြတ်သန်း၍ အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် ကြိုးပမ်းလေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## အိန္ဒိယ အာကာသအေဂျင်စီက Proba-3 မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို နည်းပညာပိုင်းဆိုင်ရာပြဿနာတစ်ရပ်ကြောင့် ရွှေ့ဆိုင်းထားရ




နယူးဒေလီ ဒီဇင်ဘာ ၅

အိန္ဒိယ အာကာသအေဂျင်စီသည် Proba-3 မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို နည်းပညာပိုင်းဆိုင်ရာ ပြဿနာတစ်ရပ်ကြောင့် ယနေ့သို့ ရွှေ့ဆိုင်းထားရကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

မူလက အိန္ဒိယအာကာသအေဂျင်စီသည် Proba-3 မစ်ရှင်ကို ဒီဇင်ဘာ ၄ ရက်တွင် PSIV ဒုံးပျံဖြင့် လွှတ်တင်ရန်စီစဉ်ထားခြင်း ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Proba-3 မစ်ရှင် အာကာသယာဉ်တစ်စင်း၌ ရှိနေသော တွန်းကန်အားစနစ်ပြဿနာတစ်ရပ်ကြောင့် Proba-3 မစ်ရှင် လွှတ်တင်ရေးအစီအစဉ်ကို ယနေ့သို့ ရွှေ့ဆိုင်းထားကြောင်း အိန္ဒိယ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Proba-3 မစ်ရှင်သည် ဥရောပအာကာသအေဂျင်စီ၏ အာကာသမစ်ရှင်ဖြစ်ပြီး အဆိုပါမစ်ရှင်ဖြင့် ကမ္ဘာပတ်လမ်းပေါ်၌ နေကြတ်မှုဖြစ်စဉ်အတုများဖန်တီးရန် ဥရောပအာကာသအေဂျင်စီက စီစဉ်ထားကြောင်း သိရသည်။

Proba-3 မစ်ရှင်တွင် အာကာသယာဉ်နှစ်စင်းပါဝင်ပြီး နေကြတ်မှုဖြစ်စဉ်အတုများကို ချိန်သားကိုက်ယှဉ်တွဲပျံသန်းခြင်းဖြင့် ဖန်တီးပေးမည်ဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားထားသည်။

Proba-3 မစ်ရှင် အာကာသယာဉ်နှစ်စင်းသည် မစ်ရှင်ကာလတစ်လျှောက်လုံး ကမ္ဘာပတ်လမ်းပေါ်ရှိ နေကြတ်မှုဖြစ်စဉ်အတု ၅၀ ထိ ဖန်တီးပေးမည်ဖြစ်ကြောင်း ဥရောပ အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

Ref : Russia Today

Trs : KKO

# HEALTH

## အားစိုက်ရသည့်လေ့ကျင့်ခန်းများ အချိန်တိုပြုလုပ်ပေးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ပေါ်ထွက်လာနိုင်မှုကို ကာကွယ်နိုင်

ကင်ဘာရာ ဒီဇင်ဘာ ၅

အားစိုက်ရန်လိုသည့်လေ့ကျင့်ခန်းများကို အချိန်တိုပြုလုပ်ပေးခြင်းဖြင့် နှလုံးရုတ်တရက်ဖောက်မှု၊ နှလုံးရပ်မှုကဲ့သို့ နှလုံးသွေးကြောဆိုင်ရာရောဂါများပေါ်ထွက်လာနိုင်မှုကို ကာကွယ်ပေးနိုင်ဖွယ်ရှိကြောင်း ဒီဇင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

အထူးသဖြင့် အားစိုက်ရသည့်လေ့ကျင့်ခန်းများကို အချိန်တိုပြုလုပ်ပေးခြင်းသည် လေ့ကျင့်ခန်းပုံမှန်ပြုလုပ်မှုမရှိသည့် အမျိုးသမီးများ၏ နှလုံးကျန်းမာရေးအတွက် အကျိုးရှိကြောင်း သြစတြေးလျ သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အားစိုက်ရန်လိုသည့် လေ့ကျင့်ခန်းများကို စက္ကန့် ၉၀ မျှ နေ့စဉ်ပြုလုပ်ပေးပါက နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေကို တားဆီးပေးနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လှေကားအတက်အဆင်း ခပ်မြန်မြန်တက်ခြင်းကဲ့သို့ လေ့ကျင့်ခန်းမျိုးကို တစ်မိနစ်ကျော်မှ လေးမိနစ်ခန့်ထိ နေ့စဉ်ပြုလုပ်ပေးခြင်းဖြင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေကို ၅၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်ကြောင်း သိရသည်။

အထူးသဖြင့် အားစိုက်ရသည့် လေ့ကျင့်ခန်းများ အချိန်တိုပြုလုပ်မှု၏ အကျိုးကျေးဇူးကို အမျိုးသမီးများတွင် ပို၍ထင်ထင်ရှားရှားတွေ့ရကြောင်း သြစတြေးလျသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO


## နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်က ကတ်ပလာ- ၅၁ ကြယ်စနစ်၏ စတုတ္ထမြောက်ဂြိုဟ်ကို ရှာဖွေတွေ့ရှိထား

ဝါရှင်တန် ဒီဇင်ဘာ ၅

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ကတ်ပလာ-၅၁ ကြယ်စနစ်၏ စတုတ္ထမြောက်ဂြိုဟ်ကို ရှာဖွေတွေ့ရှိထားကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ကတ်ပလာ-၅၁ ကြယ်စနစ်၏ စတုတ္ထမြောက်ဂြိုဟ်ကို ကတ်ပလာ-၅၁အီးဂြိုဟ်ဟူ၍ အမေရိကန် သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

ကတ်ပလာ-၅၁ ကြယ်စနစ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၂၆၁၅ နှစ် အကွာတွင်တည်ရှိပြီး အဆိုပါကြယ်စနစ်အတွင်းတည်ရှိသည့်ဂြိုဟ်များမှာ သိုးမွေးလုံးများကဲ့သို့ ဒြပ်ထုနည်းပါးသည့် ပွရောင်းရောင်းဂြိုဟ်များ ဖြစ်ကြကြောင်း သိရသည်။



ကတ်ပလာ-၅၁ ကြယ်စနစ်အတွင်း ယခင်တွေ့ရှိထားသည့် ဂြိုဟ်သုံးစင်းမှာ အရွယ်အစားအားဖြင့် နေအဖွဲ့အစည်းအတွင်းရှိ စနေဂြိုဟ်အရွယ်မျှရှိသော်လည်း ဒြပ်ထုမှာ ကမ္ဘာမြေဒြပ်ထုထက် အနည်းငယ်မျှသာ ပိုများသည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ကတ်ပလာ-၅၁ အီးဂြိုဟ်နှင့် မိခင်ကြယ်တို့ကြား အကွာအဝေးသည် နေနှင့်သောကြာဂြိုဟ်တို့ကြား အကွာအဝေးထက် အနည်းငယ်မျှသာ ပိုဝေးကြောင်း သိရသည်။

သို့ဖြစ်ရာ ကတ်ပလာ-၅၁ အီးဂြိုဟ်သည် မိခင်ကြယ်ကို ၂၆၄ ရက်လျှင် တစ်ပတ်နှုန်းဖြင့် လှည့်ပတ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ပြုပြင်ထားသည့်အစားအစာများ စားသုံးမှုကြောင့် ဇရာဝင်မှုနှုန်း ပို၍မြန်ဆန်လာနိုင်

ရောမ ဒီဇင်ဘာ ၅

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများ စားသုံးမှုကြောင့် ဇရာဝင်မှုနှုန်း ပို၍မြန်ဆန်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အီတလီ သုတေသနပညာရှင်များ၏ လေ့လာချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို သာမန်ထက်ပို၍ စားသုံးသူများ၌ ဇီဝသက်တမ်းအိုမင်းမှုလက္ခဏာများ မြင့်တက်လာတတ်ကြောင်း သိရသည်။

အီတလီသုတေသနပညာရှင်များသည် အရွယ်ရောက်သူဦးရေ ၂၂၀၀၀ တို့၏နေ့စဉ်ဓာတ်စာပုံစံများနှင့် ဇီဝသက်တမ်းအခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသော ရလဒ်များအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အစားများသူသည် အစားနည်းသူထက် ဇီဝသက်တမ်းအားဖြင့် လေးလထိ ပို၍အိုမင်းနေတတ်သည်ကို တွေ့ရကြောင်း အီတလီ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို အစားနည်းသူများ၏ ဇီဝသက်တမ်းမှာ ၎င်းတို့၏ဘဝသက်တမ်းထက် နှစ်လထိပို၍ နုပျိုနေတတ်ကြောင်း အီတလီ သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိထားသည်။

Ref : Russia Today

Trs : KKO



## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ Space-X ကုမ္ပဏီက လွှတ်တင်ပေးခဲ့

ဝါရှင်တန် ဒီဇင်ဘာ ၅

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် ဒီဇင်ဘာ ၄ ရက်တွင် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသည့်ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်အာကာသစခန်းမှတစ်ဆင့်လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့်ဒုံးယာဉ်သည် ၂၄ ကြိမ်မြောက်အဖြစ် သတ်မှတ်နေရာသို့ အောင်မြင်စွာပြန်လည်ဆင်းသက်ခဲ့ရာ ကြိမ်ရေအများဆုံး ပျံသန်းခဲ့သည့် ဖယ်လ်ကွန်-၉ ဒုံးပျံအဖြစ် စံချိန်တင်ခဲ့သည်။

လွှတ်တင်ပြီး ၆၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ယူသွားသည့် စတားလင့်ခ်ဂြိုဟ်တုများကို ကမ္ဘာပတ်လမ်း အနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ ဖယ်လ်ကွန်-၉ မစ်ရှင် ၄၀၀ ကျော်ကို အောင်မြင်စွာလွှတ်တင်ခဲ့ပြီး ပထမအဆင့် ပင်မဒုံးယာဉ် ပြန်လည်ဆင်းသက်မှုများကို ၃၁၈ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက်ဂြိုဟ်တုအစင်း ၇၀၀၀ ကျော်လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# ပရီးမီးယားလိဂ်တွင် အသက်အကြီးဆုံး ဂိုးသွင်းနိုင်သူစာရင်းတွင် အဲဗာတန်ကစားသမား အက်ရှ်လေယန်း မှတ်တမ်းဝင်



**လန်ဒန် ဒီဇင်ဘာ ၅**

အဲဗာတန်အသင်းက ဝုဗ်အသင်းကို လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် အက်ရှ်လေယန်းက အသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက်ပရီးမီးယားလိဂ်သမိုင်းတွင် အသက်အကြီးဆုံးဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အက်ရှ်လေယန်းသည် ဝုဗ်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် အသက် ၃၉ နှစ် ၁၄၈ ရက်ရှိနေသောကြောင့် အသက်အကြီးဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်တွင် အသက်အကြီးဆုံး ကစားသမားစာရင်းတွင် ပို့စ်မောက်ကစားသမား ရှာရင်ဂမ်က ဂိုးသွင်းယူသည့်အချိန်တွင် အသက် ၄၀ ရက်ပေါင်း ၂၆၈ ရက်ဖြင့် အဆင့် (၁)၊ ဝင်းဒက်က အသက် ၃၉ နှစ် ၂၃၅ ရက်ဖြင့် အဆင့်(၂)၊ သီယာဂိုဆေးဗားက ၃၉ နှစ် ၁၉၈ ရက်ဖြင့် အဆင့်(၃)၊ အက်ရှ်လေယန်းက ၃၉ နှစ် ၁၄၈ ရက်ဖြင့် အဆင့်(၄)၊ ရှိုင်ယန်ဂစ်က ၃၉ နှစ် ၉၈ ရက်ဖြင့် အဆင့်(၅)၊ ပီယာစီက ၃၈ နှစ် ၂၁၅ ရက်ဖြင့် အဆင့် (၆)၊ ဂရာဟမ်က ၃၈ နှစ် ၁၈၂ ရက်ဖြင့် အဆင့်(၇)တွင် အစဉ်လိုက်ရပ်တည်လျက်ရှိသည်။

အဆိုပါပွဲစဉ်တွင် အက်ရှ်လေယန်းသည် ပွဲကစားချိန် ၁၀ မိနစ်တွင် အလွတ်တည်ကန်ဘောမှ ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၃၃ မိနစ်တွင် မန်ဂါလာ၊ ပွဲချိန် ၄၉ မိနစ် နှင့် ၇၂ မိနစ်တို့တွင် ဒေါ်ဆွန်က ကိုယ့်ဂိုးကို သွင်းယူမှုကြောင့် လေးဂိုးပြတ်အနိုင်ရခဲ့ကာ အဲဗာတန်အသင်းအနေဖြင့် ၁၄ ပွဲကစားအပြီးတွင် ရမှတ် ၁၄ မှတ်ရခဲ့သောကြောင့် တန်းဆင်းဇုန်ဖိအားမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**Ref : Fotmob**

**Trs : ML**

# မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့၏ MFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်အတွက် လက်မှတ်များကို ဒီဇင်ဘာ ၆ ရက်တွင် စတင်ရောင်းချမည်

**ရန်ကုန် ဒီဇင်ဘာ ၅**



MFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ကစားမည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်များကို ဒီဇင်ဘာ ၆ ရက်တွင် စတင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် MFF Mitsubishi Electric Cup 2024 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၉ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ကစားသွားမည်ဖြစ်ပြီး လက်မှတ်များကို ဒီဇင်ဘာ ၆ ရက်မှ စတင်ရောင်းချသွားမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်၏ စည်းမျဉ်းများအရ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုတွင် အိမ်ကွင်းနှစ်ပွဲ ကစားရမည်ဖြစ်သည့်အတွက် မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် အင်ဒိုနီးရှားအသင်း၊ ကမ္ဘောဒီးယားအသင်းတို့နှင့် ကစားမည့်နှစ်ပွဲကို အိမ်ကွင်းတွင်လက်ခံကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ကစားမည့်ပွဲစဉ်အတွက် လက်မှတ်များကို ဒီဇင်ဘာ ၆ ရက်မှ စတင်ကာ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံး၊ ဝေဇယန္တာလမ်းမကြီး (သုဝဏ္ဏအားကစားကွင်းရှေ့)တွင် နံနက် ၁၀ နာရီမှစတင်ပြီး ညနေ ၄ နာရီထိ ရောင်းချပေးသွားမည့်အပြင် ပွဲကစားမည့် ဒီဇင်ဘာ ၉ ရက်တွင်လည်း အထူးတန်းအတွက် လက်မှတ်များကို သုဝဏ္ဏအားကစားကွင်း ဂိတ်-၂ တွင်လည်းကောင်း၊ ရိုးရိုးတန်းအတွက် လက်မှတ်များကို ဂိတ်-၈ တွင်လည်းကောင်း အသီးသီးရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ကွင်းအတွင်းလာရောက်အားပေးမည့် ပရိသတ်များသွားလာရေး အဆင်ပြေစေရန်အတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဘတ်စကားများကို အခမဲ့ စီစဉ်ပေးသွားမည်ဖြစ်ပြီး ရိုးရိုးတန်းလက်မှတ်ကို ငွေကျပ် ၂၀၀၀ နှင့် အထူးတန်းအတွက် လက်မှတ်ကို ငွေကျပ် ၅၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**STA**

# တိုက်စစ်မှူးအမ်ဘက်ပီ ပင်နယ်တီလွဲချော်မှုကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ရှုံးပွဲကြုံတွေ့

**မက်ဒရစ် ဒီဇင်ဘာ ၅**

လာလီဂါပြိုင်ပွဲအဖြစ် ကစားခဲ့သည့် ရီးရဲလ်မက်ဒရစ်နှင့် ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်တွင် တိုက်စစ်မှူးအမ်ဘက်ပီ ပင်နယ်တီလွဲချော်မှုကြောင့် ရီးရဲလ်မက်ဒရစ်အသင်း ရှုံးပွဲကြုံတွေ့ခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူး အမ်ဘက်ပီသည် ပြီးခဲ့သည့် လီဗာပူးအသင်းနှင့် ချန်ပီယံလိဂ်ပွဲစဉ်တွင် အသင်းအတွက် ပင်နယ်တီလွဲချော်ခဲ့ပြီးနောက် ယခုအခါ အမှတ်ပေးပွဲတွင် ဘီလ်ဘာအိုအသင်းကို ပင်နယ်တီထပ်မံလွဲချော်၍ နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ တစ်ပတ်အတွင်း ပင်နယ်တီ နှစ်ကြိမ် လွဲချော်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် အမ်ဘက်ပီသည် ရီးရဲလ်မက်ဒရစ်တိုက်စစ်ကို ဦးဆောင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ဘီလ်ဘာအိုအသင်း၏ ဦးဆောင်မှုကို ခံခဲ့ရပြီးနောက် တိုက်စစ်မြှင့်တင်ခဲ့သဖြင့် ပွဲချိန် ၆၈ မိနစ်တွင် အမ်ဘက်ပီ ပင်နယ်တီကန်သွင်းခဲ့ရာ လွဲချော်ခဲ့မှုကြောင့် ချေပဂိုးရရှိရန် ခက်ခဲခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် ဘယ်လင်ဟမ် ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ချေပဂိုးရရှိခဲ့ပြီးနောက် ဘီလ်ဘာအိုအသင်းက ပွဲချိန်မိနစ် ၈၀ တွင် ဦးဆောင်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် အမှတ်ပေးဇယားကို ဦးဆောင်နေသည့် ဘာစီလိုနာအသင်းနှင့် ရမှတ်လေးမှတ်ကွာဟခဲ့ပြီး ဒုတိယနေရာတွင် ဆက်လက်ရပ်တည်လျက်ရှိကြောင်းသိရသည်။

**Ref : Goal.com**

**Trs : ML**

## အားကစားသတင်းအတိုအထွာများ

- ဒဏ်ရာကြောင့် အနားယူနေရသည့် ကွင်းလယ်ကစားသမား ချီဆာ ဒဏ်ရာကောင်းမွန်လာသည့်အတွက် လူငယ်အသင်းတွင် ပြန်လည်ပါဝင်ခဲ့ပြီး မကြာမီ အသင်းကြီးနှင့် ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။
- နော်တင်ဟမ်အသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည့် မန်စီးတီးအသင်း ခုနစ်ပွဲဆက် နိုင်ပွဲမရှိမှတ်တမ်းဆိုးကို ရပ်တန့်နိုင်ခဲ့သည်။
- ပရီးမီးယားလိဂ်ပွဲစဉ်(၁၄)အဖြစ်ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်တွင် ဆာလာဟ်သည် ကိုယ်တိုင်နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှုတစ်ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရွန်းနီ၏ တစ်ပွဲတည်း သွင်းဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ်အရေအတွက်ကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

**ML**

# ပွဲပယ်ပြစ်ဒဏ်ကာလ ပြည့်မြောက်သွားပြီဖြစ်သည့်အတွက် စဝီယာတက်ခ်အမည်စာရင်းကို ITIA ၏ ပြစ်ဒဏ်ကျစာရင်းမှ ပယ်ဖျက်

**လန်ဒန် ဒီဇင်ဘာ ၅**

ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် တားမြစ်ဆေးဝါးသုံးစွဲမှုကြောင့် တစ်လ ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရပြီး ဒီဇင်ဘာ ၄ ရက်တွင် ပွဲပယ်ပြစ်ဒဏ် ပြည့်မြောက်သွားသည့်အတွက် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် International Tennis Integrity Agency (ITIA)၏ ပြစ်ဒဏ်ကျကစားသမားစာရင်းမှ ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကြောင်း ITIA က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

စဝီယာတက်ခ် အနေဖြင့် ပြစ်ဒဏ်ကျ ကစားသမားစာရင်းမှ တရားဝင် ပယ်ဖျက်ခံလိုက်ရပြီဖြစ်သည့်အတွက် တင်းနစ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရတော့မည်ဖြစ်သော်လည်း တားမြစ်ဆေးဝါးသုံးစွဲမိခဲ့သည့်အတွက်ကြောင့် ပရိသတ်များနှင့် အခြားသောနာမည်ကြီးကစားသမားများ၏ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသည်။

တားမြစ်ဆေးဝါး သုံးစွဲခဲ့မှုနှင့် ပတ်သက်ပြီး စဝီယာတက်ခ်၏ အကြောင်းပြချက်များနှင့် ပတ်သက်၍လည်း ပရော်ဖက်ရှင်နယ်ကစားသမားတစ်ယောက်အနေဖြင့် လျော်ညီမှုမရှိကြောင်းလည်း ဩစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအိုစ့်က ဝေဖန်ခဲ့သည်။

စဝီယာတက်ခ်သည် ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသော်လည်း ၂၀၂၅ ခုနှစ် တင်းနစ်ရာသီအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသလို ကာလရှည်လက်တွဲလာသည့် နည်းပြဖြစ်သူ ဝစ်တိုရောစကီးဖြင့် လမ်းခွဲလိုက်ပြီဖြစ်ကာ နည်းပြသစ်အဖြစ် ဖစ်ဆက်တီနှင့် လက်တွဲအလုပ်လုပ်သွားမည်ဖြစ်ကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

ဖစ်ဆက်တီသည် နည်းပြလောကတွင် High Profile နည်းပြတစ်ဦးဖြစ်သလို နာမည်ကြီးတင်းနစ်ကစားသမားများ ဖြစ်ကြသည့် အိုဆာကာ၊ ကလစ်ချ်တာနှင့် အန်ဂျယ်လီခါဘာတို့ဖြင့် လက်တွဲအလုပ်လုပ်ခဲ့ဖူးသူလည်း ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : AZL**

# နိုဝင်ဘာလအတွက် မန်ယူအသင်း၏ တစ်လတာအကောင်းဆုံး ကစားသမားဆုကို တောင်ပံခံစစ်ကစားသမား မာဇာရာဝီဆွတ်ခူး




**မန်ချက်စတာ ဒီဇင်ဘာ ၅**

မန်ယူအသင်း၏ နိုဝင်ဘာလ အတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုကို တောင်ပံခံစစ် ကစားသမား မာဇာရာဝီက ဆွတ်ခူး နိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းက တစ်လတာ အကောင်းဆုံး ကစားသမားဆုကို ဆန်ခါတင်ကစားသမား သုံးဦး ရွေးချယ်ပြီး အသင်းပရိသတ်များ ထံမှ ဆန္ဒမဲကောက်ယူကာ ချီးမြှင့် ပေးအပ်ခြင်းဖြစ်ပြီး မာဇာရာဝီ သည် ပထမဆုံးအကြိမ် ဆွတ်ခူး နိုင်ခဲ့ခြင်းဖြစ်သည်။

အသက် ၂၇ နှစ်ရှိ မာဇာရာဝီ သည် ပြီးခဲ့သည့်နွေရာသီကစား သမား အပြောင်းအရွှေ့ကာလက ဘိုင်ယန်မြူးနစ်အသင်းမှ မန်ယူ အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူ ဖြစ်ပြီး အသင်းနှင့်အတူ ပထမဆုံး ဘောလုံးရာသီ၌ အကောင်းဆုံး ခြေစွမ်းပြသလျက်ရှိနေပြီး အဓိက ပွဲထွက်ကစားသမားအဖြစ် ပါဝင် ခွင့်ရရှိနေသူဖြစ်သည်။

မန်ယူအသင်း၏ နိုဝင်ဘာလ အတွက် တစ်လတာအကောင်းဆုံး ကစားသမားဆုအတွက် ဆန်ခါတင် စာရင်းတွင် မာဇာရာဝီသည် ဂိုးသမား အိုနာနာနှင့် တောင်ပံ တိုက်စစ်ကစားသမား အာမက် ဒီရယ်လိုတို့နှင့် အတူပါဝင်လာခဲ့ပြီး နောက် အသင်းဖော်များကို ကျော်ဖြတ်ပြီး ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Fabrizio Romano**
**Trs : STA**

# Hero World Challenge ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းမှာ ဒူးဒဏ်ရာကြောင့်ဖြစ်ကြောင်း တိုနီဖီနော့ ရှင်းလင်းပြောကြား




**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန် ဂေါက်သီးရိုက် ကစားသမား တိုနီဖီနော့သည် Hero World Challenge ဂေါက်သီး ရိုက်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ပြီး နောက် LIV Golf အဖွဲ့ချုပ်ဖြင့် ပူးပေါင်းရန် ဆွေးနွေးနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် တိုနီဖီနော့က LIV Golf အဖွဲ့ချုပ် ဖြင့် ဆွေးနွေးသွားရန်အတွက် Hero World Challenge ဂေါက်သီး ရိုက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်း မဟုတ်ကြောင်း ဒူးဒဏ်ရာခွဲစိတ် ကုသမှုခံယူရန် လိုအပ်နေသည့် အတွက် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းသာ ဖြစ်ကြောင်း ယနေ့တွင် ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

တိုနီဖီနော့က LIV Golf အဖွဲ့ ချုပ်ဖြင့် ပူးပေါင်းသွားရန် ဆန္ဒမရှိ သလို PGA Tour ၌ပင် ဆက်လက် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိ မှာလည်း ဆရာဝန်ဖြစ်သူက ဒူးဒဏ်ရာအား ခွဲစိတ်ကုသရန် လိုအပ်ကြောင်း အကြံပြုလာသည့် အတွက် ခွဲစိတ်ကုသမှုခံယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြော ကြားခဲ့သည်။

တိုနီဖီနော့က "ကျွန်တော်နဲ့ ပတ်သက်ပြီး ဒီရက်ပိုင်းအတွင်း ထွက်ပေါ်နေတဲ့ သတင်းတွေဟာ မှန်ကန်မှုမရှိပါဘူး။ ကျွန်တော့် အနေနဲ့ PGA Tour မှာ ယှဉ်ပြိုင်နေ ရတာကို ပျော်ရွှင်နေပါတယ်။ ၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီ မှာ အကောင်းဆုံးကစားနိုင်ဖို့ အတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားဖို့ပဲ အာရုံစိုက်နေပါ တယ်။ ဒါကြောင့် ဒဏ်ရာသက်သာ အောင် ဒူးဒဏ်ရာကို ခွဲစိတ်ကုသမှု ခံယူဖို့ ဆုံးဖြတ်ခဲ့တာပါ။ ဒူးဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူဖို့အတွက်ပဲ Hero World Challenge ဂေါက်သီး ရိုက်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်ခဲ့တာ ဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားခဲ့ကြောင်း သိ ရသည်။

**Ref : Xinhua**
**Trs : AZL**

# ရှက်ဖီးလ်(U)အသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန် ခံစစ်ကစားသမားဝေါ်လ်ကာ ပြင်ဆင်




**မန်ချက်စတာ ဒီဇင်ဘာ ၅**

မန်စီးတီးအသင်း ခံစစ်ကစား သမား ဝေါ်လ်ကာသည် ကစား သမားဘဝစတင်ခဲ့သည့် ရှက်ဖီးလ် (U)အသင်းသို့ ပြန်လည်ပြောင်းရွှေ့ ရန် ကြိုးပမ်းနေကြောင်း သိ ရသည်။

အသက် ၃၄ နှစ်ရှိ ခံစစ်ကစား သမား ဝေါ်လ်ကာသည် ရှက်ဖီးလ် (U)အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် ကာလ တစ်လျှောက်တွင် ပရီးမီးယားလိဂ် ဆုဖလား ခြောက်ကြိမ်ရရှိခဲ့ကာ ယခုအခါ အသက်အရွယ်အရ ခြေစွမ်းပိုင်း ကျဆင်းလာသော ကြောင့် ပွဲကစားခွင့်လျော့နည်း ခဲ့ကြောင်း သိရသည်။

အသင်းနည်းပြ ဂွါဒီယိုလာက လည်း အသင်းကိုပြန်လည်တည် ဆောက်မည်ဖြစ်၍ ဝေါ်လ်ကာ အပါအဝင် ကစားသမား ခြောက်ဦး ထိ ရောင်းချမည်ဖြစ်သောကြောင့် ခံစစ်ကစားသမားက အသင်း ဟောင်း ရှက်ဖီးလ်(U)အသင်းသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝေါ်လ်ကာကို ဆော်ဒီကလပ် အသင်းများနှင့် မေဂျာလိဂ်အသင်းများက မြင့်မား သည့် လုပ်ခလစာဖြင့် ခေါ်ယူမည် ဖြစ်သော်လည်း ၎င်းက စိတ်ဝင်စား မှုမရှိဘဲ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ခြောက်ပွဲဆက် နိုင်ပွဲရခဲ့ပြီးနောက် အမှတ်ပေးဇယားကို ဦးဆောင်နေ သည့် ရှက်ဖီးလ်(U)အသင်းသို့ ပြောင်းရွှေ့၍ ကစားသမားဘဝ အဆုံးသတ်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

**Ref : Goal.com**
**Trs : ML**

# စပိန်လာလီဂါ ပွဲစဉ်(၁၆) ပွဲကြိုသုံးသပ်ချက်

STA

## ဘက်တစ် Vs ဘာစီလိုနာ

ကစားမည့်ရက်/အချိန် ၇-၁၂-၂၀၂၄ (ည ၀၉း၄၅ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဘက်တစ် ၂ – ၄ ဘာစီလိုနာ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | – | ဝေး(ရှုံး) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ဘာစီလိုနာ | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(နိုင်) |

ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ ဘက်တစ်အသင်းအတွက် အိမ်ကွင်း ဆိုပေမယ့် ဘာစီလိုနာအသင်းကို ပွဲချိန်ပြည့် တုံ့ပြန်ကစားနိုင်ဖို့အတွက် ခက်ခဲနေမှာပါ။ ဘာစီလိုနာအသင်းမှာလဲ အဓိက ကစားသမား ယာမယ် ပါဝင်လာခဲ့ပြီးနောက် တိုက်စစ်ပိုင်းက ပိုမိုအားကောင်းနေပါတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

ခန့်မှန်းရလဒ် – ဘက်တစ် ၁ – ၃ ဘာစီလိုနာ

# ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ်(၁၃) ပွဲကြိုသုံးသပ်ချက်များ

STA

## ဖရန့်ဖက် Vs အော့စ်ဘတ်

ကစားမည့်ရက်/အချိန် ၇-၁၂-၂၀၂၄ (ည ၀၉း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဖရန့်ဖက် ၃ – ၁ အော့စ်ဘတ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဖရန့်ဖက် | – | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(ရှုံး) |
| အော့စ်ဘတ် | – | ဝေး(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |

အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံကောင်းမွန်ပြီး တိုက်စစ်ပိုင်း ထက်မြက်မှုရှိနေတဲ့ ဖရန့်ဖက်အသင်းဟာ အော့စ်ဘတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးကစားနိုင်မှာပါ။ အော့စ်ဘတ်အသင်းက တော့ အဝေးကွင်းဆိုရင် ရုန်းကန်နေရပြီး တစ်ပွဲမျှ နိုင်ပွဲမရရှိသေးပါဘူး။ ဒါကြောင့် ဖရန့်ဖက်အသင်းကိုပဲ အားပေးရမှာပါ။

ခန့်မှန်းရလဒ် – ဖရန့်ဖက် ၂ – ၀ အော့စ်ဘတ်

## ဂလာဘတ် Vs ဒေါ့မွန်

ကစားမည့်ရက်/အချိန် ၇-၁၂-၂၀၂၄ (ည ၁၂း၀၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ဂလာဘတ် ၁ – ၂ ဒေါ့မွန်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | – | အိမ်(နိုင်) | အိမ်(နိုင်) | ဝေး(ရှုံး) |
| ဒေါ့မွန် | – | အိမ်(နိုင်) | ဝေး(နိုင်) | အိမ်( သရေ) |

ဂလာဘတ်အသင်းဟာ အိမ်ကွင်းဆိုရင် အသင်းလိုက်ကစားပုံ မာကျောမှုရှိတယ်ဆိုပေမယ့် ပြိုင်ဘက်အသင်းက ဒေါ့မွန်အသင်းဖြစ်နေ လို့ ရုန်းကန်ရပါလိမ့်မယ်။ လက်ရှိဒေါ့မွန်အသင်းရဲ့ ခြေစွမ်းပိုင်း ကလဲ ကောင်းမွန်နေလို့ ဂလာဘတ်အသင်းကို ခြေစွမ်းပိုင်းအသာနဲ့ ဖိအားပေးနိုင်မှာပါ။ ဒါ့ကြောင့် ဒေါ့မွန်အသင်းပဲ နိုင်ပွဲရယူသွားပါ လိမ့်မယ်။

ခန့်မှန်းရလဒ် – ဂလာဘတ် ၁ – ၂ ဒေါ့မွန်

# ပြင်သစ်လီဂူး ပွဲစဉ်(၁၄) ပွဲကြိုသုံးသပ်ချက်

STA

## မိုနာကို Vs တူးလော့

ကစားမည့်ရက်/အချိန် ၇-၁၂-၂၀၂၄ (ည ၁၀း၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မိုနာကို ၁ – ၂ တူးလော့

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မိုနာကို | – | အိမ်(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| တူးလော့ | – | ဝေး(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ပြီးခဲ့တဲ့ပွဲစဉ်က ရှုံးပွဲကြုံခဲ့ရတဲ့ မိုနာကိုအသင်းဟာ အခုအိမ်ကွင်း ပွဲစဉ်မှာတော့ နိုင်ပွဲပြန်လည်ရရှိအောင် ပြင်ဆင်လာမှာပါ။ တူးလော့ အသင်းကလဲ နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်နေတယ် ဆိုပေမယ့် အဝေးကွင်းခြေစွမ်းပိုင်းက စိတ်ချလို့မရပါဘူး။ ဒါကြောင့် မိုနာကိုအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

ခန့်မှန်းရလဒ် – မိုနာကို ၂ – ၁ တူးလော့

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ကာလဝမ်းရောဂါ သို့မဟုတ် မေ့ပျောက်နေသော ကမ္ဘာ့ကပ်ရောဂါတစ်ခု

ကာလဝမ်းရောဂါဆိုသည်မှာ Vibrio Cholerae အမည်ရသည့် ဘက်တီးရီးယားပိုးတစ်မျိုးကြောင့် ဖြစ်ပွားရပြီး လက်နှင့် ပါးစပ်တို့မှတစ်ဆင့် အစာအိမ် အူလမ်းကြောင်းအတွင်း ဝင်ရောက်ကူးစက်တတ်သည့် ရောဂါဖြစ်သည်။ အမှုမဲ့အမှတ်မဲ့ဖြင့် လွယ်ကူစွာ ကူးစက်သွားနိုင်ပြီး အလွယ်တကူကြိုတင်ကာကွယ်၊ ကုသနိုင်သည့် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ ကာလဝမ်းရောဂါသည် လွန်ခဲ့သည့် နှစ်၂၀၀ အတွင်းတွင် ကပ်ရောဂါတစ်ခုအသွင်ဖြင့် ကမ္ဘာအနှံ့ အပြားတွင် ခုနစ်ကြိမ်တိတိ ဖြစ်ပွားခဲ့ဖူးသည်။ ပထမဆုံးအကြိမ် ကာလဝမ်းကပ်ရောဂါကြီးကို ၁၈၁၇ ခုနှစ်က အိန္ဒိယနိုင်ငံတွင် ရင်ဆိုင်ခဲ့ကြရသည်။ ခုနစ်ကြိမ်မြောက် ကာလဝမ်းရောဂါကပ်ဘေးကြီးကို ၁၉၆၁ ခုနှစ်က ရင်ဆိုင်ခဲ့ကြရာတွင် လူပေါင်း သန်းနှင့်ချီပြီး သေဆုံးခဲ့ကြရသည်။ အင်ဒိုနီးရှားနိုင်ငံတွင် စတင်ဖြစ်ပွားခဲ့ပြီး ကမ္ဘာ့အနှံ့ကူးစက်ပျံ့နှံ့သွားသည့် ခုနစ်ကြိမ်မြောက် ကာလဝမ်းရောဂါကပ်ဘေးကြီးမှာ ၁၉၇၀ ပြည့်နှစ်များတိုင်အောင် ဆက်လက်ဖြစ်ပွားခဲ့ပြီး ယနေ့တိုင်အောင်ပင် အပြီးသတ်ဆုံးခန်းတိုင်ပြီဟု ကြေညာနိုင်ခြင်း မရှိသေးပေ။

ကာလဝမ်းရောဂါကို ဆင်းရဲမှု၏ မိတ်ဖက်ရောဂါဟု သတ်မှတ်ခေါ်ဆိုနိုင်သည်။ လုံခြုံစိတ်ချရသည့် သန့်ရှင်းသောရေကို သောက်သုံးခွင့်မရ၊ သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ခွင့်မရနိုင်သည့် နွမ်းပါးသူများသည် ကာလဝမ်းရောဂါ၏ ဒဏ်ကို ပြင်းပြင်းထန်ထန်ခံစားရလေ့ရှိသည်။ သုတေသနများအရ ကမ္ဘာတစ်လွှားတစ်နှစ်လျှင် ပျမ်းမျှကာလဝမ်းရောဂါပိုး ကူးစက်ခံခဲ့ရသူ ၁ ဒသမ ၃သန်းမှ လေးသန်းထိ ရှိနိုင်ပြီး ၁၄၀၀၀၀ ခန့် သေဆုံးကြရသည် ဟုဆိုသည်။ သာမန်အားဖြင့် ကာလဝမ်းရောဂါအများစုမှာ မပြင်းထန်ကြဘဲ ဓာတ်ဆားရည်ပြန်လည်သောက်သုံးရုံမျှဖြင့် သက်သာပျောက်ကင်းသွားနိုင်ပြီး ပြင်းထန်သည့် ကာလဝမ်းရောဂါများမှာမူ အကြော အားဆေး၊ ပဋိဇီဝဆေးများဖြင့် ကုသရန် လိုအပ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO) က ကာလဝမ်းရောဂါသည် ကမ္ဘာအနှံ့အပြားနေရာများတွင် ပြန်လည်ခေါင်းထောင်လျက်ရှိပြီး အရေးပေါ် အဆင့်သုံးအခြေအနေအဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။ အဆင့်သုံးအရေးပေါ်အခြေအနေဆိုသည်မှာ သက်ဆိုင်ရာရောဂါနှင့် ပတ်သက်ပြီး အမြင့်ဆုံးတုံ့ပြန်ဆောင်ရွက်ကြရမည့် အနေအထားဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် ကာလဝမ်းရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံသုံးနိုင်ငံမှာ အာဖဂန်နစ္စတန်နိုင်ငံ၊ ဟေတီနိုင်ငံ၊ ကွန်ဂိုနိုင်ငံများဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ကာလဝမ်းရောဂါကြောင့် ၎င်းနိုင်ငံများတွင် လူပေါင်း ၄၀၀၇ ဦး သေဆုံးခဲ့ရသည်။ ထိုသေဆုံးမှုမှာ ၂၀၂၂ ခုနှစ်ထက် ၇၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ဆိုသည်။ ထိုသို့ အခြေအနေဆိုးရွားနေသည့်တိုင် သက်ဆိုင်ရာနိုင်ငံများတွင် ကာလဝမ်းရောဂါကို ထိရောက်စွာ အရေးယူကိုင်တွယ်ထိန်းချုပ်ခြင်းမရှိသဖြင့် ကမ္ဘာ့ကပ်ရောဂါ(Pandemic) အဆင့်မှာပင် အချိန်ကြာမြင့်စွာ ရပ်တည်နေခြင်းလည်းဖြစ်သည်။

ကာလဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများကိုထိန်းချုပ်ရာတွင် သန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေးအလေ့အထများ(WASH)သည် လွန်စွာအရေးကြီးသည်။ ထိုလိုအပ်ချက်များမရရှိနိုင်ခြင်းကြောင့်လည်း ကာလဝမ်းရောဂါ ရေရှည်တည်တံ့နေခြင်းဖြစ်သည်။ ကမ္ဘာကြီးမှ မျှော်မှန်းထားသည့် ရေရှည်တည်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် အမှတ် (၆) တွင် သန့်ရှင်းသောရေနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်ကို ရရှိနိုင်ရေးဟု ဖော်ပြထားသည်။ သို့သော် WHO မှ တွက်ချက်ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၂၀၀၀ သည် လုံခြုံစိတ်ချရသည့် သောက်သုံးရေကို ရရှိနေခြင်းမရှိဟု သိရသည်။ ကမ္ဘာ့လူဦးရေ၏ ၅၄ ရာခိုင်နှုန်းသည်သာ ပတ်ဝန်းကျင်သန့်ရှင်းရေး

**❖ ကာလဝမ်းရောဂါကဲ့သို့သော ကူးစက်ရောဂါများကို ထိန်းချုပ်ရာတွင် သန့်ရှင်းသည့် သောက်သုံးရေရရှိနိုင်မှု၊ တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအလေ့အထများ (WASH)သည် လွန်စွာ အရေးကြီးသည်။ ထိုလိုအပ်ချက်များ မရရှိနိုင်ခြင်းကြောင့်လည်း ကာလဝမ်းရောဂါ ရေရှည်တည်တံ့နေခြင်းဖြစ်သည်။ ကမ္ဘာကြီးမှ မျှော်မှန်းထားသည့် ရေရှည်တည်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် အမှတ် (၆) တွင် သန့်ရှင်းသောရေနှင့် သန့်ရှင်းသောပတ်ဝန်းကျင်ကို ရရှိနိုင်ရေးဟု ဖော်ပြထားသည်။ ❖**

ဝန်ဆောင်မှုများ(ဥပမာ – စည်ပင်မှ အမှိုက်သိမ်းပေးခြင်း)ကို ရရှိနိုင်ကြသည်ဟု ဆိုသည်။

ယနေ့ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် သုံးဦးမှာ အိမ်တွင် ဆပ်ပြာနှင့် လက်ဆေးသည့် အကျင့်မရှိကြပေ။ WASH လုပ်ငန်းစဉ်များကို ရေရှည်လုပ်ကိုင်ဆောင်ရွက်မည်ဆိုလျှင် ကာလဝမ်းရောဂါသာမက အခြားအပူပိုင်းဒေသရောဂါများကိုပါ ကာကွယ်နိုင်ကြမည်ဖြစ်သည်။ သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန်နှင့် သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရရှိနိုင်ရန်တို့သည် အခြေခံလူ့အခွင့်အရေးသတ်မှတ်ချက်ဟု ဆိုသည်။ သို့သော်လည်း ငွေကြေးအင်အားနည်းပါးသည့် နိုင်ငံများတွင် ထိုအခြေခံလူ့အခွင့်အရေးကို ပြည့်မီစွာ ရရှိနိုင်ခြင်းမရှိပေ။ ထို့ကြောင့် WASH လုပ်ငန်းစဉ်များကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်ရေးနှင့် ရေရှည်ဆောင်ရွက်နိုင်ရေးတို့ကို နိုင်ငံအလိုက် အစိုးရများက ဦးစားပေးဆောင်ရွက်ပေးကြရန် လိုအပ်သည်။

ကာလဝမ်းရောဂါကူးစက်ခြင်း မခံရစေရန် တစ်ကိုယ်ရည်သန့်ရှင်းရေး လုပ်ငန်းစဉ်များဖြင့် ကာကွယ်နိုင်သည့်အပြင် ကာကွယ်ဆေး (Cholera vaccine) ဖြင့်လည်းကာကွယ်နိုင်သည်။ ကာလဝမ်းရောဂါကာကွယ်ဆေး၏ ထူးခြားချက်မှာ အခြားကာကွယ်ဆေးများကဲ့သို့ ထိုးဆေးမဟုတ်ဘဲ သောက်ဆေးဖြစ်နေခြင်းဖြစ်သည်။ လက်ရှိကာလတွင် WHO မှ အသိအမှတ်ပြုထားသည့် ကာလဝမ်းရောဂါကာကွယ်ဆေး သောက်ဆေး သုံးမျိုးရှိသည်။ ကာကွယ်ဆေး သုံးမျိုးစလုံး အစွမ်းအာနိသင်အပြည့်အဝရရှိရန် နှစ်ကြိမ်သောက်သုံးရန် လိုအပ်သည်။ သာမန်အားဖြင့် အသက်နှစ်နှစ်အရွယ်မှ စတင်သောက်သုံးနိုင်သည်။ ကာလဝမ်းရောဂါကာကွယ်ဆေးကို ရေဖန်ခွက်တစ်ခွက်ဖြင့် သောက်သုံးရသည်။ ကာလဝမ်းရောဂါ ကာကွယ်ဆေးများသည်လည်း အအေးခန်းများဖြင့် သိုလှောင်သယ်ဆောင်ရန် လိုအပ်သည်။

ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးတပ်ပေါင်းစု (Gavi) မှ ကာလဝမ်းရောဂါကာကွယ်ဆေး အလုံးရေပေါင်း သန်းနှင့်ချီပြီး ပံ့ပိုးပေးခဲ့သည်။ သို့သော် ကာကွယ်ဆေးများကို ဖြန့်ဝေသိုလှောင်ထိန်းသိမ်းသည့်နေရာတွင် အားနည်းချက်များစွာ ရှိနေသည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာတစ်လွှား အရေးပေါ်ထိုးနှံနိုင်ရေးအတွက် ကာလဝမ်းရောဂါကာကွယ်ဆေး နှစ်သန်းခန့် အရန်သင့်ဆောင်ထားနိုင်ခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် အရေးပေါ်ကပ်ဘေးအတွက် အသင့်ဆောင်ထားသည့် ကာလဝမ်းရောဂါကာကွယ်ဆေး ၃၆ သန်းထိ ရှိလာခဲ့သည်။ ထိုကာကွယ်ဆေး အလုံးရေ ၃၆ သန်းကို ၂၀၂၄ ခုနှစ် အစောပိုင်းမှာပင် အားလုံးအသုံးပြုခဲ့ပြီးဖြစ်သည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ကာလဝမ်းရောဂါကာကွယ်ဆေးကို နှစ်ကြိမ်ထိုးစနစ်မှ တစ်ကြိမ်ထိုးစနစ်ထိ လျှော့ချရန် ဆုံးဖြတ်ခဲ့သည့်တိုင် ကာလဝမ်းရောဂါကာကွယ်ဆေးများ မလုံလောက်သည့် အခြေအနေဖြစ်သည်။ Gavi အဖွဲ့ကြီးသည် Euvichol-S အမည်ရှိ ကာလဝမ်းရောဂါကာကွယ်ဆေးသစ်ကို ၂၀၂၄ ခုနှစ်အတွင်း ထုတ်လုပ်နိုင်ခဲ့ပြီး ယခင်ရှိပြီးသား ကာကွယ်ဆေးများနှင့် စွမ်းရည်တူ၊ ဈေးနှုန်းပိုသက်သာသည့်အတွက် ၂၀၂၅ ခုနှစ်တွင် ကာလဝမ်းရောဂါကာကွယ်ဆေး ပြတ်လပ်သည့် အခြေအနေမှ ကာကွယ်နိုင်မည်ဟု ဆိုသည်။

မျက်မှောက်ခေတ် ကာလဝမ်းရောဂါ ပြန်လည်ခေါင်းထောင်လာမှုမှာ အကြောင်းရင်းကြီး သုံးချက်ရှိသည်။ စစ်ပွဲများဖြစ်ပွားနေခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် လူမှုစီးပွားဘဝ မညီမျှခြင်းဟူသည့် အကြောင်းရင်းသုံးချက်ဖြစ်သည်။ စစ်ပွဲများနှင့် လက်နက်ကိုင်ပဋိပက္ခများသည် ကျန်းမာရေးစနစ်များကို အားနည်းချို့ယွင်းစေနိုင်သည်။ ရာသီဥတုပြင်းထန်ပြီး ပြောင်းလဲမှု လျင်မြန်လွန်းသည့်အခါ သောက်သုံးရေ၏အရည်အသွေးကိုလျော့ကျသွားစေနိုင်သည်။ သောက်သုံးရေအရည်အသွေးကျသွားသည့်အခါ ရေမှတစ်ဆင့် ကူးစက်တတ်သည့် ကာလဝမ်းရောဂါများ ကူးစက်ပျံ့နှံ့မှုကို လွယ်ကူသွားစေသည်။

ဟေတီနိုင်ငံသည် ယခင်က ကာလဝမ်းရောဂါကင်းစင်သည့် နိုင်ငံဖြစ်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် မြေလျှင်ကြီးဖြစ်ပွားခဲ့ပြီး ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုအဖွဲ့များ ဝင်ရောက်လာခဲ့ပြီးနောက် ကာလဝမ်းရောဂါ တစ်ကျော့ပြန်ဖြစ်ပွားလာခဲ့သည်။ ယခုဆိုလျှင်ကာလဝမ်းရောဂါသည်ဟေတီနိုင်ငံ၏ တစ်နေရာ သို့မဟုတ် တစ်နေရာတွင် အမြဲကူးစက်ဖြစ်ပွားနေသည်ဟု ဆိုသည်။ ဆူဒန်နိုင်ငံသည်လည်း ပြည်တွင်းစစ်များဖြစ်ပွားနေသည့်အပြင် ရာသီဥတုပြောင်းလဲမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလိုက်သည့်အခါ ကာလဝမ်းရောဂါများ အကြီးအကျယ်ကူးစက်ပျံ့နှံ့ခဲ့ရသည်။

ကာလတာရှည်စစ်ပွဲများ ဖြစ်ပွားသည့်အခါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖရိုဖရဲဖြစ်သွားသည်။ နေရာစွန့်ခွာသူ အလုံးအရင်းများပြားလာပြီး ကူးစက်ရောဂါများ ထိန်းချုပ်ရေး၊ ပုံမှန်ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများ မဆောင်ရွက်နိုင် ဖြစ်လာကြသည်။ နိုင်ဂျီးရီးယားနိုင်ငံအတွင်း မကြာသေးမီက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် လူပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ကြရပြီး နိုင်ငံသမိုင်းတွင် အကြီးမားဆုံးသော ကာလဝမ်းရောဂါဖြစ်ပွားခဲ့ရသည်။ ကာလဝမ်းရောဂါကပ်ဘေးနှင့် ပတ်သက်ပြီး အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုများ နှောင့်နှေးကြန့်ကြာခဲ့သဖြင့် နိုင်ဂျီးရီးယားအစိုးရသည် ဝေဖန်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည်။

ကမ္ဘာတစ်လွှား ကာလဝမ်းရောဂါတစ်ကျော့ပြန်ခေါင်းထောင်လာမှုများသည် လူသားတို့၏ ကျန်းမာရေးအတွက် ခြိမ်းခြောက်မှုကြီးတစ်ခုဖြစ်သည်။ ကမ္ဘာ့ကာလဝမ်းရောဂါတိုက်ဖျက်ရေးဦးဆောင်အဖွဲ့၏ ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် ရောဂါထိန်းချုပ်ရေးရည်ရွယ်ချက်သည် ၂၀၃၀ ပြည့်နှစ်တွင် ကာလဝမ်းရောဂါကြောင့် သေဆုံးမှုကို ၉၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရန် ဖြစ်သည်။ ၎င်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းများကို လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် လိုအပ်သည်။ ကာလဝမ်းရောဂါကြောင့် သေဆုံးရမှုများသည် ကမ္ဘာ့နိုင်ငံအချို့တွင် များပြားနေဆဲဖြစ်သည်။ စစ်ပွဲများ၊ နေရပ်စွန့်ခွာထွက်ပြေးမှုများ၊ အလွန်အမင်းဆင်းရဲမှုများကြောင့် တစ်ကျော့ပြန်ခေါင်းထောင်လာသည့် ကာလဝမ်းရောဂါကို အမြစ်ဖြတ်တွန်းလှန်ဖယ်ရှားနိုင်ရေး တစ်ကမ္ဘာလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**– Cholera: a pandemic ignored from Lancet, October 2024.**

**ဒေါက်တာလွှမ်းမိုးဟန်**

**ကိုဗစ်-၁၉ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ပြင်ဦးလွင်မြို့နယ်ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် Flower Dreamland ပန်းပွဲတော်ကျင်းပမည်



ပြင်ဦးလွင် ဒီဇင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိအမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် Flower Dreamland ပန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြ၍ သိရသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ် ၁၇ ကြိမ်မြောက် Flower Dreamland ပန်းပွဲတော်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်မှစ၍ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၂ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"အမျိုးသားကန်တော်ကြီးဥယျာဉ်၏ ထင်ရှားတဲ့အထိမ်းအမှတ် (Unique) ပွဲတော်တစ်ခုဖြစ်လာစေဖို့၊ ရာသီအလိုက်ပန်းတွေကို ခင်းကျင်းပြသနိုင်ဖို့၊ ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်တွေအတွက် နိုင်ငံတကာအဆင့်မီ နှစ်စဉ်ပန်းပွဲတော်တစ်ခု ဖြစ်လာစေဖို့၊ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကဏ္ဍမြှင့်တင်ဖို့ ရည်ရွယ်ပြီး ပန်းပွဲတော်ကို ကျင်းပတာဖြစ်ပါတယ်။ အဲဒီပွဲတော်မှာ ဒေသပန်းမျိုးတွေပြသမဲ့ ဇုန်တစ်ဇုန်အပါအဝင် ပြကွက်ဇုန်ရှစ်ဇုန်မှာ စိုက်ပျိုးပြသမဲ့ ပန်းအရေအတွက် နှစ်သိန်းလောက်ကို ပန်းတွေအလှဆင်စိုက်ပျိုးပြသမှာ ဖြစ်ပါတယ်"ဟု ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက ပြောပြသည်။

၁၇ ကြိမ်မြောက် Flower Dreamland ပန်းပွဲတော်ကျင်းပသည့်ကာလအတွင်း ဖွင့်ပွဲအခမ်းအနားအပါအဝင် ဂီတဖျော်ဖြေမှုများနှင့် အခြားစိတ်ဝင်စားဖွယ်ဖျော်ဖြေရေးအစီအစဉ်များကို ပြုလုပ်မည်ဖြစ်ကြောင်း၊ Magic show၊ Dancer စသည့် အစီအစဉ်များကိုလည်း ထည့်သွင်းပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ပန်းပွဲတော် ကာလအတွင်း ပန်းဥယျာဉ်ဈေးပွဲတော် အပါအဝင် ဒေသထွက်ကုန်များ၊ သစ်ပင်ပန်းပင်များ ခင်းကျင်းပြသရောင်းချမည့် Exhibition ဧရိယာတစ်ခုလည်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ASH

# Hot Spot သိပ္ပံအက်ရှင်ဇာတ်ကား၌ မင်းသမီး နာအိုမီရာပေ့ ပါဝင်မည်

နယူးယောက် ဒီဇင်ဘာ ၅

Hot Spot အမည်ရှိ သိပ္ပံအက်ရှင်ဇာတ်ကားသစ်၌ ဆွီဒင်မင်းသမီး နာအိုမီရာပေ့က ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၄ ရက်သတင်းများအရ သိရသည်။

Hot Spot ဇာတ်ကားသည် လူ့ဉာဏ်ရည်တု နည်းပညာက ကမ္ဘာကြီးကို ဖိနှိပ်ထားသည့် အနာဂတ်ကာလတစ်ခုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး အဆိုပါဇာတ်ကားတွင် မင်းသမီး နာအိုမီရာပေ့နှင့်အတူ မင်းသား အန်းဒရက်ကိုနေ့ဘာ၊ မင်းသမီး ရိုင်ကာကီရီရှီးမားတို့လည်း ပါဝင်မည်ဖြစ်သည်။

Hot Spot ဇာတ်ကားကို ကမ္ဘာကျော် ပိုလန်အမျိုးသမီး ဒါရိုက်တာ အဂ္ဂနီစကာပိုဇင်စကီးက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ရောဘတ်ဟိုလက်စတိုက ရေးသားပေးထားသည်။

လက်ရှိတွင် Hot Spot ဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# သရုပ်ဆောင် မင်းဘုန်းမြတ် ကိုယ်တိုင်ရေးသားသီဆိုသည့် တေးစီးရီးအယ်လ်ဘမ် ၂၀၂၅ ခုနှစ်တွင် ထွက်ရှိနိုင်ရန် ပြင်ဆင်နေ

ရန်ကုန် ဒီဇင်ဘာ ၅

သရုပ်ဆောင် မင်းဘုန်းမြတ် ကိုယ်တိုင်ရေးသား သီဆိုသည့် တေးစီးရီး အယ်လ်ဘမ် ၂၀၂၅ ခုနှစ်တွင် ထွက်ရှိနိုင်ရန် ပြင်ဆင်နေကြောင်း သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြ၍ သိရသည်။

လက်ရှိတွင် MRTV-4 ရုပ်သံလိုင်းက ထုတ်လွှင့်သည့် ဇာတ်လမ်းတွဲများဖြင့် လူသိများနေသော သရုပ်ဆောင် မင်းဘုန်းမြတ်သည် ရုပ်သံဇာတ်လမ်းတွဲများ၊ ရုပ်ရှင်ဇာတ်ကားများကို ရိုက်ကူးလျက်ရှိပြီး အဆိုပါ ဇာတ်လမ်းတွဲနှင့် ရုပ်ရှင်ဇာတ်ကားများတွင် ဇာတ်ဝင်တေးတချို့ကိုလည်း ကိုယ်တိုင်ရေးသားသီဆိုထားကြောင်း သိရသည်။

"ကိုယ်ပိုင်သံစဉ်သစ် သီချင်းတွေလုပ်ရတာ ပျော်တယ်။ ကိုယ်လုပ်ချင်တာလုပ်ရလို့ စိတ်လဲ ပေါ့ပါးတယ်။ အဓိကတော့ ကိုယ်စဉ်းစားမိတဲ့ အကြောင်း



အရာတွေကို သီချင်းတွေအဖြစ် ရေးဖြစ်လာပါတယ်။ ကိုယ့်ခံစားချက်တွေလဲပါသလို အငှားခံစားချက်တွေလဲ ပါပါတယ်။ သီချင်းတွေကို ဖုန်း Note ထဲမှာ ချရေးဖြစ်တယ်။ ဂီတာကိုင်ဖြစ်ချိန်မှာတော့ သီချင်းတွေကို သေချာဖန်တီးဖြစ်ပါတယ်။ ကိုယ်ရေးချင်တဲ့ အကြောင်းအရာလေးကို ဖန်တီးခွင့်ရလို့ သီချင်းတွေရေးဖြစ်တာပါ။ မှတ်တိုင်တစ်ခုအနေနဲ့ လုပ်ဖြစ်တာပါ"ဟု သရုပ်ဆောင် မင်းဘုန်းမြတ်က ပြောပြသည်။

သရုပ်ဆောင် မင်းဘုန်းမြတ်သည် ရုံတင်ပြသနေသည့် ဘောက်ချာ၊ စာရိတ္တ ၂ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Enola Hotmes-3 ဇာတ်ကားကို ဒါရိုက်တာ ဖိလစ်ဘာရန်တီနီ ရိုက်ကူးဖွယ်ရှိ

နယူးယောက် ဒီဇင်ဘာ ၅

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Enola Holmes-3 ဇာတ်ကားကို ဒါရိုက်တာ ဖိလစ်ဘာရန်တီနီက တာဝန်ယူ ရိုက်ကူးပေးဖွယ်ရှိကြောင်း ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Enola Holmes-3 ဇာတ်ကားကို ရိုက်ကူးရေးအတွက် ဒါရိုက်တာ ဖိလစ်ဘာရန်တီနီနှင့် Netflix ကုမ္ပဏီက တာဝန်ရှိသူများကြား ဆွေးနွေးနေသည်။

Enola Holmes-3 ဇာတ်ကားတွင် ယခင် Enola Holmes ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသား ဟင်နရီကာဗေးနှင့် မင်းသမီး မီလီဘော့ဘီဘရောင်းတို့ ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

Enola Holmes ဇာတ်ကားများသည် Harry Porter ဇာတ်ကားများကဲ့သို့ အသက်အရွယ် အဆင့်ဆင့်ကိုလိုက်၍ ဇာတ်လမ်းဆင့်ရိုက်ကူးမည့်ဇာတ်လမ်းတွဲများဖြစ်လာနိုင်ပြီး Enola Holmes ဇာတ်ကားများသည် စာရေးဆရာမ နန်စီစပရင်ဂျာ၏ The Enola Holmes Mystries ဝတ္ထုများကိုအခြေခံ ရိုက်ကူးထားသော စုံထောက်ဇာတ်ကားများဖြစ်ကြသည်။

Enola Holmes ဇာတ်ကားများသည် Netflix ကုမ္ပဏီ၏ အအောင်မြင်ဆုံးရုပ်ရှင်ဇာတ်ကားတွဲများထဲတွင် ပါဝင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# တေးသံရှင် ဝေလ၏ Music Show တေးဂီတဖျော်ဖြေပွဲကို သန်လျင်မြို့နယ် Piano Bar ၌ ပြုလုပ်သွားမည်

ရန်ကုန် ဒီဇင်ဘာ ၅

တေးသံရှင် ဝေလ၏ Music Show တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Piano Bar ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် ဝေလက ပြောပြ၍ သိရသည်။

အဆိုပါ Music Show တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် Piano Bar ၌ ဒီဇင်ဘာ ၇ ရက်၌ ပြုလုပ်မည်ဖြစ်ပြီး တေးသံရှင် ဝေလ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို Lucky Hand Music Band တေးဂီတအဖွဲ့က အကောင်းဆုံးပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ သန်လျင်အနီးတစ်ဝိုက်က ပရိသတ်တွေနဲ့အတူ တကွဖြတ်သန်းမဲ့ ဖျော်ဖြေပွဲတစ်ပွဲ ဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ ပျော်ရွှင်ခြင်းတံခါးဝဆီအရောက် ပို့ဆောင်ပေးနိုင်ဖို့ Lucky Hand Music Band က အကောင်းဆုံး တီးခတ်ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။ ဘယ်လိုအလန်းစားတွေ တင်ဆက်မလဲ၊ ဘယ်လောက်တောင် မိုက်နေမလဲဆိုတာတွေကို အထူးတလည်ညွှန်းပေးမနေတော့ပါဘူး" ဟု တေးသံရှင် ဝေလက ပြောပြသည်။

အဆိုပါ တေးသံရှင် ဝေလ၏ တေးဂီတဖျော်ဖြေပွဲကို Piano Bar တွင် ဒီဇင်ဘာ ၇ ရက် ည ၇ နာရီမှစတင်က ဖျော်ဖြေတင်ဆက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# Farmers reap monsoon paddy in Htigyaing Township


Monsoon paddy being harvested using machinery.

**Htigyaing December 5**

Statistics of Htigyaing Township Agriculture Department stated that a total of 7,506 acres of monsoon paddy has been harvested in the township of Sagaing Region this year.

Farmers planted 40,010 acres of monsoon paddy in Htigyaing Township this year. They started harvesting of paddy in October this year. So far, they have completed harvest of 7,506 acres of crops, yielding 89.76 baskets per acre.

U Ko Ko Aung, Head of Htigyaing Township Department of Agriculture, explained: "Local farmers planted more than 40,000 acres of monsoon paddy. So far, they have reaped more than 7,000 acres of paddy. Our department provided necessary agricultural techniques for local farmers in addition to qualty strains of crops."

Officials of the Township Department of Agriculture cooperated with local farmers in growing monsoon paddy without difficulties this year.

Agricultural staff members urged farmers to minimize loss and waste in harvesting crops and keep them in the shelters in time.

Monsoon paddy plantations are thriving in the township. Officials of the township department help farmers select quality strains of crops, prevent pests and systematically use fertilizers.

206

# Mingin Township grows over 2,000 acres of winter green beans

**Mingin December 5**

A total of 2,433 acres of green beans have been planted during this year winter crops planting season in Mingin Township, Kale District, Sagaing Region, according to statistics from Department of Agriculture for Mingin Township.

During the 2024-2025 winter crops planting season, 1,390 acres of green beans are planned to be planted in Mingin Township, and since October this year, 2,433 acres have been planted.

"We provided education on how to expand green bean cultivation and on using good varieties to improve yields," said Daw Hayman Kyaw Win, head of Department of Agriculture for Mingin Township.

The Township Department of Agriculture has provided education on the farmers to obtain clean breed suitable for the region, to have correct planting method, to control pest, to use fertilizers properly, and to raise awareness about yield improvement.

It is reported that the department is cooperating with the farmers to have the good varieties needed for the good yield and inputs, and to provide technology after the harvest.

206


A winter green bean plantation.

# More than 75,000 bags of black gram sent to Yangon market in October

**Kyaunggon December 5**

A total of 75,000 bags of black gram was sent by merchants from Kyaunggon Township of Ayeyawady Region to Yangon market in October, said Daw Thin Thin, the owner of pulses and beans trading in Kyaunggon Township.

They sold 45,000 bags of black gram to Yangon market in September, compared to 75,000 bags in October. Local merchant purchase black grams from farmers and sell them to Yangon market.

Daw Thin Thin unveiled: "Merchants sold 75,000 bags of black gram to Yangon market in October. Now, businesspersons from Yangon market wish to purchase more volume of black gram from Kyaunggon Township with high demand. As foreign demand of black gram is higher, merchants from Yangon market are eager to purchase more volume of beans. Black gram and pigeon pea are export items. Now, these face high demand in foreign market."

Black gram in 16-pyi bag fetches K117,000 in Yangon market. High demand of the bean solves the daily problems of local farmers as well as those in production chain.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Taze Township finishes cultivation of more than 1,000 acres of vegetables this cold season

**Taze December 5**

A total of 1,150 acres of vegetables has been planted in Taze Township of Sagaing Region this cold season, according to the YeU District Agriculture Department.

In 2024-25 cold season, local authorities earmarked cultivation of 1,725 acres of vegetables but local farmers planted 1,150 acres of crops.

U Zaw Myint Tun, Head of YeU District Agriculture Department explained: "Farmers have so far planted over 1,100 acres of vegatables against the target of more than 1,700 acres in Taze Township this cold season. They emphasize cultivation of mustard, chilli, spicy, cabbage, potato, cucumber, eggplant, cauliflowers, pulses and beans, Chinese cabbages. We urged local farmers to follow GAP system in growing crops so as to produce healthy crops with least chemical residues and increase per-acre yield."

The Township Agriculture Department conducted the training courses for local farmers and agricultural staff so as to improve their capacity in growing vegetables. Officials of the township department disseminate agricultural techniques to local farmers and urge them to expand sown acreage of crops.

Farmers earn incomes from vegetable crops. Officials of the Township Agriculture Department share techniques of agriculture, prevention of pests and and making process of natural fertilizers and pests with local farmers.

206


A thriving vegetable plantation.

# Cultivation of sunflower finishes on more than 1,300 acres of croplands in Mingin Township


A beautiful sunflower plantation.

**Mingin December 5**

Statistics of Mingin Township Agriculture Department stated that a total of 1,327 acres of sunflower has been planted as cold season crops in Mingin Township of Sagaing Region.

Local farmers started cultivation of sunflower on 1,327 acres of land in October this year, against the target of 16,335 acres of sunflower in 2024-25 cold season.

Daw Hayman Kyaw Kyaw, Head of Mingin Township Agriculture Department said: "Local authorities earmarked cultivation of more than 10,000 acres of sunflower in Mingin Township this cold season but farmers have so far planted more than 1,000 acres of crops against the target cultivation. They are trying hard to meet the target cultivation with the aim of reducing import of cooking oil abroad. So, they are striving to expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame. Farmers prefer to grow sunflower in winter."

Mingin Township Department of Agriculture conducts training courses for local farmers and agricultural staff to enhance their capacity so as to grow sunflower.

This year, officials of the Township Department arrange to provide quality strains of crops and urea fertilizers at fair prices to local farmers. 206

# S. Korea's opposition parties report impeachment motion against president to parliament

**Seoul December 5**

South Korea's opposition parties began early Thursday to report an impeachment motion against President Yoon Suk-yeol to the parliament over his declaration of an emergency martial law, local TV footage showed.

The main liberal opposition Democratic Party and five other minor parties, which submitted the motion Wednesday, planned to put it up for a vote as early as Friday.

By law, the 300-member unicameral National Assembly is required to cast a secret vote on the impeachment motion within 72 hours after it is proposed.

Under the constitution, the impeachment motion must be initiated by a majority of lawmakers and approved by at least two-thirds of the National Assembly legislators.

The opposition will need eight votes from 108 lawmakers of the ruling People Power Party to get the motion passed. Xinhua

# Green gram planted in monsoon reaped in Monywa Township

**Monywa December 5**

Monywa Township Agriculture Department of Sagaing Region mentioned that a total of 10,872 acres of green gram has been harvested in the township.

Local farmers planted 10,872 acres of green gram in monsoon. They started harvest of crops in August. So far, they have reaped 672 acres of pre-monsoon green gram, yielding 16.50 baskets per acre and 10,300 acres of monsoon green gram, producing 10.16 baskets per acre.

U Soe Thet Aung, Head of Monywa Township Agriculture Department, commented: "A total of 10,872 acres of croplands has been placed under green gram. So far, local farmers have harvested all sown acreage. They exceeded cultivation of green gram more than the target cultivation. We urged local farmers to expand sown acreage of green gram with provision of quality strains of crops."

This year, officials of the Township Agriculture Department assisted in use of quality strains of crops, applying agricultural techniques and prevention of pests and systematic broadcasting of fertilizers to boost per-acre yield of crops.

Township authorities provided quality seeds, agricultural inputs and post-harvest technology to local farmers. 206


Quality green gram.

# French PM Barnier ousted in no-confidence vote

**Paris December 5**

The deputies of the French National Assembly voted on Wednesday evening in favor of a no-confidence vote, forcing French Prime Minister Michel Barnier to resign and his government to collapse.

A total of 331 deputies, mostly from left-wing parties alliance New Popular Front (NFP) and far-right party National Rally (RN), have voted in favor, largely over the 289 votes requested for the no-confidence vote to go through.

According to the French Constitution, Barnier now needs to hand in his resignation to French President Emmanuel Macron. The resignation will be automatically considered as accepted.

Speaking to the French lawmakers before the vote, Barnier defended his decision to force passage of the 2025 social security budget.

"I made this decision after having demonstrated the spirit of listening, respect, and dialogue, which led the government to improve its text every day on several important points," he said.

Pointing out that France is plunged into an enormous deficit, Barnier said: "This reality remains there, it will not disappear by the magic of a no-confidence vote."

"This reality will remind any government, whatever it may be," he added.

Following the announcement of the success of the no-confidence vote, former far-right party leader Marine Le Pen said that she wouldn't consider the vote as a "victory."

Xinhua


Photo taken on Dec. 4, 2024 shows the scene of a debate on no-confidence motions against the government at the National Assembly in Paris, France.

# More than 1,900 acres of croplands placed under sunflower in Kanbalu Township

**Kanbalu December 5**

According to the statistics of Kanbalu Township Department of Agriculture, a total of 1,927 acres of sunflower has been planted in Kanbalu Township of Sagaing Region.

In 2024-25 cold season, Kanbalu Townshoip earmarked 3,044 acres of sunflower, a total of 1,927 of which has been planted.

U Myo Zaw, Head of Kanbalu Township Agriculture Department clarified: "Local authorities earmarked cultivation of more than 3,000 acres of sunflower in the township but farmers have so far planted over 1,000 acres of crops. They are trying hard to meet the target cultivation. Growing sunflower aims to reduce import of cooking oil abroad. Oil product of sunflower is larger than groundnut and sesame. Local farmers prefer to grow sunflower in winter rather than monsoon."

Officials of Kanbalu Township Agriculture Department raise momentum of training courses to improve capacity of local farmers and agricultural staff in growing sunflower and expanding sown acreage of crops.

This year, township authorities arrange sale of quality seeds and urea fertilizers to local farmers at fair prices. 206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားရေတပ်နှင့်လေတပ်တို့ မြေထဲပင်လယ်အရှေ့ပိုင်းတွင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်



ရုရှားလေတပ်နှင့် ရေတပ်၏ စစ်သင်္ဘောများနှင့် တိုက်လေယာဉ်များသည် မြေထဲပင်လယ်အရှေ့ပိုင်းတွင် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ကြပြီး လေ့ကျင့်မှုများ၌ ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်နှင့် ပဲ့ထိန်းဒုံးကျည်များကို ပစ်လွှတ်ခဲ့ကြသည်ဟု RT သတင်းဌာနက ဒီဇင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၁ ရက်က စတင်ခဲ့သော အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် ရေတပ်နှင့် လေတပ် တပ်ဖွဲ့ဝင်အင်အား ၁၀၀၀ ကျော်၊ စစ်သင်္ဘော ၁၀ စီးနှင့် ထောက်ပံ့ရေးသင်္ဘောများ၊ တိုက်လေယာဉ် ၂၄ စင်းနှင့် ကမ်းရိုးတန်းဒုံးကျည်တပ်ခွဲ တစ်ခွဲတို့ ပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ရုရှားနိုင်ငံ ရေတပ် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Alexander Moiseyev က စစ်ရေးလေ့ကျင့်မှုများကို ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခဲ့သည်။

ရုရှားတပ်မတော် ရေတပ်နှင့် လေတပ်သည် မကြာသေးမီက တပ်တော်ဝင်ခဲ့သည့် တိကျပဲ့ထိန်းလက်နက်များ အသုံးပြု၍ တိုက်ပွဲဝင်အသင့်စမ်းသပ်မှု တချို့စစ်ရေးလေ့ကျင့်မှု၌ ပါဝင်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၃ ရက် စစ်ရေးလေ့ကျင့်မှုတစ်ရပ်တွင် ရေတပ်မှဒုံးကျည်တင် ဖရီးဂိတ်စစ်ရေယာဉ် Admiral Gorshkov နှင့် Admiral Golovko တို့က ဟိုက်ပါဆောနစ် Zircon ဒုံးကျည်များ ပစ်လွှတ်စမ်းသပ်ခဲ့ကြသည်။ ထို့ပြင် ဒီဇယ်-လျှပ်စစ်စွမ်းအင်သုံး ရေငုပ်သင်္ဘော Novorossiysk သည် ကြိုတင်သတ်မှတ်ထားသော ပင်လယ်ပြင် ပစ်မှတ်ကို Kalibr ခရုဇ်ဒုံးကျည်တစ်စင်းဖြင့် ပစ်လွှတ်တိုက်ခိုက်မှု ဆောင်ရွက်ခဲ့သေးသည်။ အဆိုပါစစ်ရေးလေ့ကျင့်မှုများတွင် MiG-31 တိုက်လေယာဉ်များမှ Kinzhal ဟိုက်ပါဆောနစ်လက်နက်များ စမ်းသပ်ပစ်လွှတ်ခြင်းနှင့်Bastion ကမ်းရိုးတန်းဒုံးကျည်တပ်ခွဲမှ Onyx ခရုဇ်ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခြင်းတို့ပါ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ သတ်မှတ်ထားသော ပစ်မှတ်အားလုံးကို ထိမှန်ဖျက်ဆီးနိုင်ခဲ့ကြောင်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုအတွင်း ရုရှားတပ်ဖွဲ့ဝင်များသည် အမြောက်ပစ်ခတ်မှု၊ တော်ပီဒိုဒုံးကျည်ပစ်လွှတ်မှု၊ ဗုံးကြဲတိုက်ခိုက်မှုများနှင့် ရေငုပ်သင်္ဘော တိုက်ဖျက်ရေး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ ရုရှားနိုင်ငံ၏ အဆိုပါစစ်ရေးလေ့ကျင့်မှုများသည် နိုင်ငံတကာဥပဒေစံနှုန်းများနှင့်ကိုက်ညီပြီး ပင်လယ်ပြင်နှင့် ဝေဟင်ပိုက်နက်အတွင်း မတော်တဆဖြစ်စဉ်များ မဖြစ်ပေါ်စေရန် တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ ရုရှားနှင့်အခြားနိုင်ငံများကြား သဘောတူညီချက်များအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မကြာသေးမီက ယူကရိန်းတွင် စမ်းသပ်ခဲ့သော တာလတ်ပစ်ဟိုက်ပါဆောနစ် Oreshnik ပဲ့ထိန်းဒုံးကျည်သည် ခေတ်မီ လေကြောင်းရန်ကာကွယ်ရေးစနစ်များဖြင့် ကြားဖြတ်ဟန့်တားနိုင်စွမ်းရှိကြောင်း၊ ရုရှားနိုင်ငံသည် အဆိုပါပဲ့ထိန်းဒုံးကျည်ကို လက်တွေ့တိုက်ခိုက်ရေးအခြေအနေများတွင် ဆက်လက်စမ်းသပ်သွားဦးမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

နိုင်ငံတကာ ဆက်ဆံရေးအတွက် သက်ရောက်မှုများအနေဖြင့် ယူကရိန်းသည် အနောက်မဟာမိတ်များထံမှ စစ်ရေးအထောက်အပံ့များ တိုးမြင့်ရရှိနေခြင်းကြောင့် ရုရှားနှင့် NATO မဟာမိတ်နိုင်ငံများကြား တင်းမာမှုများမြင့်မားနေခြင်းကို ရောင်ပြန်ဟပ်လျက်ရှိကြောင်း၊ NATO အဖွဲ့ဘက်ကလည်း ရုရှားနိုင်ငံ၏ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ဖြိုးနေမှုများကို ဖြေရှင်းရန်အတွက် အရေးပေါ်အစည်းအဝေးများခေါ်ယူရန် စီစဉ်ထားကြောင်း သိရသည်။

**Russian military fires hypersonic missiles (MOD VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

## ဆီးရီးယားက အကူအညီတောင်းလျှင် တပ်ဖွဲ့ဝင်များစေလွှတ်ရန် စဉ်းစားသွားမည်ဖြစ်ကြောင်း အီရန်ပြောကြား



အီရန်နိုင်ငံသည် ဆီးရီးယားအစိုးရက အကူအညီတောင်းဆိုလျှင် အီရန်နိုင်ငံမှ တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထား၍ စစ်ရေးအရ အပြည့်အဝအကူအညီပေးသွားရန် စဉ်းစားသွားမည်ဖြစ်ကြောင်း အီရန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး Abbas Araghchi က ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ဒီဇင်ဘာ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်သည် ဆီးရီးယားရှိ အခြေအနေအရပ်ရပ်ကို တည်ငြိမ်စေရန် လိုအပ်သည်များ ဆက်တိုက်ပြင်ဆင်နေပြီး အမြဲတမ်းအဆင်ပြေစေနိုင်မည့် နည်းလမ်းတစ်ခု စတင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေနေကြောင်း Araghchi က ပြောကြားခဲ့သည်။

အယ်လ်ကေးဒါးအဖွဲ့ခွဲ Hayat Tahrir-al-Sham (HTS) နှင့် အခြားသော အစ္စလာမ္မစ်အုပ်စုများသည် ဆီးရီးယားနိုင်ငံ Idlib ပြည်နယ်မှ Aleppo၊ Hama နှင့် Homs မြို့တို့ကို ထိုးစစ်ဆင်မှုများ ပြီးခဲ့သည့်သီတင်းပတ်က စတင်လုပ်ဆောင်လာခဲ့သည်။ Idlib မြို့သည် ၂၀၂၀ ပြည့်နှစ်တွင် ရုရှားနိုင်ငံ၏ကြားဝင်ညှိနှိုင်းပေးမှုဖြင့် အပစ်အခတ်ရပ်စဲရေး ရရှိခဲ့ပြီးနောက် တူကီယဲနိုင်ငံ၏ အကာအကွယ်အောက်တွင် တည်ရှိနေသည့် မြို့လည်းဖြစ်သည်။

ဤအကြမ်းဖက်အုပ်စုများ အင်အားကြီးထွားလာခြင်းသည် အီရန်နိုင်ငံထက် အီရတ်၊ ဂျော်ဒန်နှင့် တူကီယဲနိုင်ငံတို့ကဲ့သို့သော ဆီးရီးယား၏ အိမ်နီးချင်းနိုင်ငံများကိုလည်း ထိခိုက်စေနိုင်ကြောင်း Araghchi က ပြောကြားခဲ့သည်။

အီရန်သည် ၎င်းတို့၏ကွဲလွဲနေမှုများကို ပေါင်းကူးရန်အတွက် တူကီယဲနိုင်ငံနှင့် တိုင်ပင်ဆွေးနွေးရန် ဆန္ဒရှိကြောင်း၊ အီရန်အနေဖြင့် နှစ်နိုင်ငံသမ္မတများကြား တွေ့ဆုံမှုမပြုလုပ်မီ ဆီးရီးယားနိုင်ငံမှ တူကီယဲတပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးရန် တောင်းဆိုထားကြောင်း၊ ဤသည်မှာ ကျိုးကြောင်းဆီလျော်သော တောင်းဆိုချက်တစ်ရပ်လည်းဖြစ်ကြောင်း၊ အီရန်သည် ဆီးရီးယားရှိ Astana လုပ်ငန်းစဉ် ပြိုကွဲမည်ကို စိုးရိမ်သောကြောင့် ထိုအချက်ကို တောင်းဆိုရခြင်းဖြစ်ပြီး အခြားရွေးချယ်စရာမရှိသောကြောင့် ဖြစ်ကြောင်း Araghchi က ပြောကြားသည်။

"Astana လုပ်ငန်းစဉ်ဆိုတာကတော့ ကာဇက်စတန်နိုင်ငံမှာ ၂၀၁၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်ကိုရည်ညွှန်းလိုတာဖြစ်ပြီး ဆီးရီးယား၊ တူကီယဲ၊ အီရန်နဲ့ ရုရှားအစိုးရတွေက ဆီးရီးယားပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းဖို့ လုပ်ဆောင်သွားမယ်လို့ ကတိပြုခဲ့ကြတာလဲ ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြခဲ့သည်။

ဆီးရီးယားတွင် ဖြစ်ပေါ်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ရုရှားကို သွားရောက်ရန် ရည်ရွယ်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံသမ္မတ Recep Tayyip Erdogan သည် ဆီးရီးယား၏ နယ်မြေစိုးမိုးရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို ထောက်ခံကြောင်း ပြောကြားသော်လည်း ပဋိပက္ခကို အဆုံးသတ်ရန်အတွက် ဆီးရီးယားပြည်သူများ၏ တရားဝင်တောင်းဆိုချက်များနှင့်အညီ သဘောတူညီမှုတစ်ခုလိုအပ်သည်ဟု ပြောကြားခဲ့သည်။ ဆီးရီးယားသည် အတိုက်အခံများ၏ တရားဝင်တောင်းဆိုချက်များကို လျစ်လျူရှုထားသောကြောင့် ပစ်ခတ်မှုများ ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း တူကီယဲနိုင်ငံခြားရေးဝန်ကြီး Hakan Fidan က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံက ဆီးရီးယားသမ္မတ ဘာရှာအာဆတ်နှင့် ဒမတ်စကတ်မြို့တော်ရှိ အစိုးရတို့ကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ IS အကြမ်းဖက်သမားများကို တိုက်ထုတ်ရာတွင် ကူညီပေးရန် ဆီးရီးယား၌ ၂၀၁၅ ခုနှစ်က တပ်ဖြန့်ချထားခဲ့သော ရုရှားနိုင်ငံမှ အထူးတပ်ဖွဲ့ဝင်များသည် ဆီးရီးယားစစ်ဘက်ကို အကူအညီပေးရန် ဂျီဟတ်ဝါဒီ အကြမ်းဖက်အဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြောင်း သိရသည်။

**Iran says it's ready to send troops to Syria ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးမည်


ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၂၃၁၀ ကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နေကြာများ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာ ဧက ၂၃၁၀ လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာတွေ စိုက်ပျိုးနိုင်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို ကြိုတင်စီမံဆောင်ရွက်ပေးထားပါတယ်။ စိုက်ပျိုးမဲ့ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ် ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ငွေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာသီးနှံများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခြင်း၊ မြေဆီလွှာပြုပြင်မှုများ ဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျအသုံးပြုမှုမှန်ကန်စေရန် နည်းပညာပေးခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၀၄၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ကျွန်းလှ ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၅၀၄၈ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၅၀၄၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၃ ဒသမ ၄၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့တယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ လက်ရှိ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၅၀၀၀ ကျော် ရိတ်သိမ်းပြီးစီးဖြစ်ပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့တယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ကျွန်းလှမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက်အချိန်မီရောက်ရှိရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# ကျောက်တန်းမြို့နယ် ကြံပင်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောက်တန်း ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကြံပင်ခေတ်မီစံပြကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် တာဝန်ရှိသူများက ကြံပင်ခေတ်မီစံပြကျေးရွာ၌ တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၈၇ ဒသမ ၁ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်းအရှည်တစ်မိုင် ၄ ဒသမ ၁၂ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့်နှစ်ပေ ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံကျောက်ခင်းခြင်း၊ ကွန်ကရစ်တံတားတစ်စင်းနှင့် Box Culvert လေးစင်း တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းတာဝန်ခံကို ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ကော်မတီဝင်များ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၅-၁၂-၂၀၁၄

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၇၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၃၇၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၇၃၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၀၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၂၆၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မသန်စွမ်းအားကစားပြိုင်ပွဲများယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်





**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၅ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်နှင့် လယ်ဝေးTC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဦးစွာ မသန်စွမ်းရေကူး(အမျိုးသား၊ အမျိုးသမီး) မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲနှင့် ရင်ပေါင်တန်းကူးပြိုင်ပွဲတို့၏ ဗိုလ်လုပွဲပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ယှဉ်ပြိုင်ကစားကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ပြိုင်ပွဲယှဉ်ပြိုင်မှုများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက မသန်စွမ်းရေကူးအမျိုးသမီး S6/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက အမျိုးသား S9/10 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက မသန်စွမ်းရေကူးအမျိုးသား S9/10 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက မသန်စွမ်းရေကူးအမျိုးသား S6/7 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား S 6/7 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်က မသန်စွမ်းရေကူးအမျိုးသား S4/5 မီတာ ၅၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမဆုနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊အမျိုးသား S 4/5 မီတာ ၅၀ ရင်ပေါင်တန်းကူးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ မသန်စွမ်းအမျိုးသားထိုင်လျက် ဘော်လီဘောပြိုင်ပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေးTC-2 အားကစားကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများတက်ရောက်ကြသည်။





ဦးစွာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမျိုးသားသံလုံးပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသမီးသံပြားပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသားသံလုံးပစ် F 46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားတန်းမြင့်ခုန် F 42 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၁၅၀၀ T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသားသံပြားပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ T 64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီးသံလုံးပစ် F 44/62/63/64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီးမီတာ ၂၀၀ T44/64 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့်ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားလှံတံပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသားမီတာ ၂၀၀ T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

၂၀၂၅ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများဖြစ်သည့် အမျိုးသား၊အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးရေကူးပြိုင်ပွဲ၊ အမျိုးသားထိုင်လျက် ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးမျက်မမြင် စစ်တုရင်ပြိုင်ပွဲများကိုလည်း ဒီဇင်ဘာ ၆ ရက်နှင့် ၈ ရက်များတွင် သက်ဆိုင်ရာ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်




**ရန်ကုန် ဒီဇင်ဘာ ၅**

ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒူလျာဒက်ဂျ၏ မွေးနေ့၊ ထိုင်းနိုင်ငံ၏ အမျိုးသားနေ့နှင့် Thailand's Father's Day အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး နေအိမ်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးH.E.Mr.Mongkol Visitstump နှင့်ဇနီး၊တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ထိုင်းနိုင်ငံယဉ်ကျေးမှုအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ သံအမတ်ကြီးနှင့်ဇနီးတို့က တက်ရောက်လာကြသူများကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါညှော်ခံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့်ဇနီး၊ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့်ဇနီး၊နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဦးစောထွန်းအောင်မြင့်နှင့်ဇနီး၊ ဒေါက်တာဗညားအောင်မိုးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၅**

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊မှတ်ပုံတင်ခွင့်ပြုပြီးသည့် နိုင်ငံရေးပါတီ ၅၁ ပါတီမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံနှင့်သဟဇာတဖြစ်နိုင်မည့် ဖက်ဒရယ်စနစ်ကျင့်သုံးနိုင်ရေးအတွက် လေ့လာတွေ့ရှိချက်များနှင့် မတူကွဲပြားမှုများကို နားလည်လက်ခံပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ညှိနှိုင်းဖြေရှင်းသွားနိုင်ရေး၊ ဒေသစွဲ၊ လူမျိုးစွဲ၊ အယူဝါဒစွဲများ ပပျောက်ပြီး အမျိုးသားရေးစိတ်ဓာတ်၊အမျိုးသားရေးဝါဒများထွန်းကားလာစေရေး၊နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့မှုအခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)မှ ပြင်ဆင်ရန်သင့်သည်ဟု သုံးသပ်ယူဆရသည့်ပြဋ္ဌာန်းချက်များအပေါ် နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုအခြေအနေများ၊ NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုအခြေအနေ၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူလူထုအကြား ပျံ့နှံ့ရောက်ရှိစေပြီး တည်ငြိမ်အေးချမ်းမှုရရှိအောင် ဆောင်ရွက်နိုင်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေး၊ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်မှန်းချက်နှင့် ဆွေးနွေးပွဲအစီအစဉ်များ၊ NSPNC ၏ ဖွဲ့စည်းမှု၊ရည်မှန်းချက်၊မျှော်မှန်းချက်နှင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲဆောင်ရွက်မှုအခြေအနေများ၊ NSPNC နှင့်နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍ၊ နိုင်ငံရေးပါတီများ ခိုင်မာအားကောင်းလာစေရေးနှင့် ပါတီဝင်များ၏ စွမ်းဆောင်ရည်မြင့်မားလာစေရေး ကိစ္စတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နိုဝင်ဘာပထမပတ်အတွင်း အိန္ဒိယနိုင်ငံသို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲခရီးစဉ်သွားရောက်ခဲ့သည့် နိုင်ငံရေးပါတီကိုယ်စားလှယ် ခြောက်ဦးက အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတနှင့် အုပ်ချုပ်ရေးမှူးများ၏အခန်းကဏ္ဍ၊ ဖက်ဒရယ်ပြည်ထောင်စုပြန်လည်ဖွဲ့စည်းခြင်း၊ ဖက်ဒရယ်အာဏာခွဲဝေမှုနှင့် အခွန်အခခွဲဝေမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒေသတွင်းအတွေ့အကြုံများ၊ ဒေသတွင်း ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်၊ ခေတ်မီနိုင်ငံတစ်ခုအတွင်း ဘာသာစကား၊ အခြားကွဲပြားမှုများနှင့် လိုက်လျောညီထွေနေထိုင်ခြင်းခေါင်းစဉ်များအား ရှင်းလင်းပြောကြားကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကိုမေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က ကော်မတီနှင့် နိုင်ငံရေးပါတီအစုအဖွဲ့များ၏ အလုပ်အဖွဲ့တို့အကြား ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပြင်ဆင်နိုင်ရေး သဘောထားစုစည်းရရှိခဲ့သည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီကိုယ်စားလှယ် ၁၅ ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ သဘောထားများ၊ အကြံပြုချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားကြပြီး တွေ့ဆုံပွဲပထမနေ့ကို ရပ်နားခဲ့သည်။

တွေ့ဆုံပွဲ ဒုတိယနေ့ကို ဒီဇင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်





**နေပြည်တော် ဒီဇင်ဘာ ၅**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားပြိုင်ပွဲ အုပ်စုပွဲစဉ်များနှင့် ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း၊ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။





**ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C)ရုံ၌ ကျင်းပရာ **အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** ပဲခူးတိုင်းဒေသကြီးအသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ချင်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ရေဝတီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို သုံးပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရေဝတီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။





**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁၊၂)၌ ကျင်းပရာ **အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင်** ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို ရှစ်ယောက်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၄၈ မှတ်အသာဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃၆ မှတ်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂၁ မှတ်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးခရစ်ကက်ပြိုင်ပွဲတွင်** ကရင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ရမှတ် ၁၀၉ မှတ်အသာဖြင့်လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၆၄ မှတ်အသာဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ရှစ်ယောက်အသာဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို လေးယောက်အသာဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။





**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၃ နှစ်အောက် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ရမှတ်(၅၇-၄၀)မှတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ရမှတ်(၉၆-၅၄)မှတ်၊ ကရင်ပြည်နယ်အသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို ရမှတ်(၈၆-၅၂)မှတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ရမှတ်(၉၂-၄၃)မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ရမှတ်(၇၅-၆၅)မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(B)ရုံ၌ ကျင်းပရာ **အမျိုးသားဘော်လီဘောပြိုင်ပွဲတွင်** ကချင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ရေဝတီတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို **စာမျက်နှာ ၁၉ သို့**

# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား သမိုင်းကြောင်းအစဉ်အလာအရ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးကို ဘုံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများအလိုက်တည်ရှိပြီး နှစ်နိုင်ငံ ယန္တရားများမှတစ်ဆင့် ခိုင်မာစေရေးနှင့် နှစ်နိုင်ငံ အကျိုးရှိစေမည့် ဒေသတွင်းနှင့် နိုင်ငံတကာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ရင်းနှီးပွင့်လင်း၍ အပြုသဘောဆောင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H. E. Mr. Abhay Thakur ကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



# MSME ထုတ်ကုန်ပြခန်းများ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၅**

အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချရန် ပြင်ဆင်နေမှု၊ ပုဗ္ဗသီရိမြို့နယ်ရှိ တည်းခိုရေးစခန်း(ရွာတော်)တွင် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသရောင်းချနေမှု အခြေအနေများကို လှည့်လည်အားပေးကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုအားကစားပွဲတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ရာ မိမိထုတ်ကုန်များ၏ ကောင်းမွန်သည့်အချက်အလက်များကို နိုင်ငံအနှံ့ လွယ်လင့်တကူ ပျံ့နှံ့ရောက်ရှိသွားမည်ဖြစ်၍ ရရှိသည့် အခွင့်အရေးများကို ပိုင်နိုင်စွာရယူနိုင်ရေး ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း တွေ့ကြုံနေရသည့်အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ စဉ်ဆက်မပြတ်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ဈေးကွက်သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ရန်နှင့် ဈေးကွက်လိုအပ်ချက်အတိုင်း ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် ပြခန်း ၄၈ ခန်း၊ တည်းခိုရေးစခန်း(ရွာတော်)တွင် ပြခန်း ၂၆ ခန်း စုစုပေါင်း ပြခန်း ၇၄ ခန်းတို့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ MSME များက ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းအမည် ၄၅၀ ကျော်ကို ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

သုံးပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ **အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ**တွင် ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးပွဲ တစ်ပွဲ၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ** ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ **အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ငါးဂိုး တစ်ဂိုး၊ မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို တစ်ဂိုး ဂိုးမရှိ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲ**တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ဂိုးမရှိ သရေ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့က တစ်ဖက် တစ်ဂိုးစီ၊ ကချင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး တစ်ဂိုး၊ ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (A)ရုံ၌ ကျင်းပရာ **အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသားနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** ကွားတားဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ ကရင်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ **အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ**များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)၊ (၄)တို့တွင် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ** ပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့က ဂိုးမရှိသရေ၊ ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့က တစ်ဖက် နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသား ဘောလုံးပြိုင်ပွဲ**များကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက် နှစ်ဂိုးစီဖြင့်လည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များနှင့် ဗိုလ်လုပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌လည်းကောင်း၊ **ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌လည်းကောင်း ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းမှစတင်၍ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် ဝင်ရောက်ခဲ့သည့်အတွက် အဘက်ဘက်မှ ကူညီပံ့ပိုးပေးသူများအား ကျေးဇူးတင်လွှာ

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်ထိ ပါရာဂွေးသမ္မတနိုင်ငံ အာဆွန်စီယွန်မြို့တွင် ကျင်းပပြုလုပ်သည့် (၁၉)ကြိမ်မြောက် "Intergovernmental Committee for the Safeguarding of the Intangible Cultural Heritage"အစည်းအဝေးတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ဆုံးဖြတ်ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ပထမဦးဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ရောက်နိုင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အားလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ပုဂံအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၊ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့၊ ပုဂံမြို့ အာနန္ဒာမြတ်စွာဘုရားကြီး၏ ဘဏ္ဍာထိန်းဂေါပကအဖွဲ့၊ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) ဗိုလ်တထောင်မြို့နယ်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ မြန်မာနိုင်ငံပန်းချီအစည်းအရုံး၊ မြန်မာနိုင်ငံပန်းပုအစည်းအရုံး၊ ဝိသာခါဖောင်ဒေးရှင်း၊ TMW Enterprise Limited၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်အမျိုးသမီးများကွန်ရက်(ရန်ကုန်)၊ မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့(ဗဟန်းမြို့နယ်)၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းနှင့် အသင်းအဖွဲ့များ၊ ကူညီပံ့ပိုးသူများအားလုံးတို့ကိုလည်းကောင်း၊ မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်အတွက် လိုအပ်သည့်သင်္ကြန်မှတ်တမ်းများနှင့် နောက်ခံစကားပြောပံ့ပိုးကူညီဆောင်ရွက်ပေးသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် Living Myanmar Media Group အားလည်းကောင်း၊ အဆိုပြုစာတွဲများတင်သွင်းရာတွင် လိုအပ်သည့်ဘာသာပြန်ဆိုဆောင်ရွက်ပေးခဲ့သော ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ပြင်သစ်ဘာသာဌာနအားလည်းကောင်း၊ အဆိုပြုစာတွဲတင်သွင်းရေးအတွက် သတင်းနှင့် နည်းပညာအချက်အလက်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားလည်းကောင်း၊ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို စတင်ခဲ့ကြသည့် ပုဂံခေတ်ကာလမှ ယနေ့ထိ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့အားလည်းကောင်း ဤစာဖြင့် ဖော်ပြရာတွင် မပါဝင်ခဲ့သောအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၊ ကူညီဆောင်ရွက်ပေးသူများအားလုံးတို့ကိုလည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အထူးပင်ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ သွားရောက်လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၅**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ H. E. Mr.Sholban Kara-Oolဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ လေကြောင်းခရီးဖြင့်ရောက်ရှိရာ မန္တလေး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရား၊အာနန္ဒာဘုရားများသို့ သွားရောက်ဖူးမြော်ကြပြီး ပုဂံမြို့သစ်ရှိ ဦးဘညိမ်းယွန်းထည်ဆိုင်နှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တို့သို့ သွားရောက်လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ပုသိမ်မြို့သို့ရောက်ရှိရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများက ပုသိမ်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့သည် ငွေဆောင်အပန်းဖြေဆင်စခန်း၌ ဆင်လိမ္မာများ၏ ဆင်အလှပြကွက်များကို ကြည့်ရှုအားပေးကြပြီး ငွေဆောင်ကမ်းခြေကိုလှည့်လည်ကြည့်ရှု၍ အပန်းဖြေကြသည်။

ညပိုင်းတွင် ESKALA ဟိုတယ်၌ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်က ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ကို ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြင်ဦးလွင်ပန်းမြို့တော်ကို အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများထုတ်လုပ်ဖြန့်ဖြူးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၅**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ရှိ စိုက်ပျိုးရေးဦးစီးဌာန ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒိုးကွင်ဥယျာဉ်ခြံကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် တာဝန်ရှိသူများက ခြံ၏ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြင်ဦးလွင်ပန်းမြို့တော်ကို အထောက်အကူဖြစ်စေရန်အတွက် ပန်းမျိုးများ ထုတ်လုပ်ဖြန့်ဖြူးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ရန်နှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လိုသူများအတွက် စံနမူနာကောင်းပေးနိုင်ရေးအတွက် ကွင်းကျယ်ကွင်းပြည့်စိုက်ပျိုးပြသရန်၊ ရေမြေဒေသနှင့်ကိုက်ညီသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးကောင်းမျိုးသန့်မျိုးစေ့ပျိုးပင်များထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့်အတူ စိုက်ပျိုးနည်းပညာဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ အပင်တစ်သျှူးနည်းပညာဖြင့် မြန်မာနိုင်ငံရှိ ဆေးဖက်ဝင်သစ်ခွများကို ပွားများထုတ်လုပ်၍ သစ်ခွစိုက်ပျိုးထုတ်လုပ်သူများကို ပညာပေးရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ယင်းနောက် စိုက်ပျိုးရေးဦးစီးဌာနပိုင်မြေနေရာငှားရမ်း လုပ်ကိုင်လျက်ရှိသည့် Mandalay Coffee Group Co.,Ltd၏ ကော်ဖီစက်ရုံကို ကြည့်ရှုစစ်ဆေးပြီး ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်အကြား သဘောတူညီချုပ်ဆိုထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန် ကိစ္စရပ်များအား တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ် ဒိုးကွင်ကျေးရွာအနီး ရွာထောင်ချောင်းပေါ်တွင် တည်ဆောက်ထားသည့် ဒိုးကွင်ရေလှောင်တမံကိုကြည့်ရှုစစ်ဆေးပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးနှင့် ဌာနပိုင်ဥယျာဉ်ခြံများ၏ စိုက်ပျိုးရေးလိုအပ်ချက်ဖူလုံစွာပေးဝေနိုင်ရေး၊ တမံများဘေးကင်းလုံခြုံရေးနှင့် ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေးစနစ်တကျကြပ်မတ်ဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် စည်သာရေလှောင်တမံ၊ စည်သာရေကူရေလှောင်တမံ၊ ဆင်လမ်းရေလှောင်တမံနှင့် ဒိုးကွင်ရေလှောင်တမံများ၏ ရေသောက်စနစ်များမှ ဒေသ၏ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေမှုလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း၊ရေလှောင်တမံများအားလုံးသည် ရေပြည့်အမှတ်အောက် တစ်ပေခန့်စီသာရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# Naypyitaw State Academy အတွင်းရှိ တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုအခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ဦးမျိုးသန့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၅**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့်ဦးမျိုးသန့်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့တွင် Naypyitaw StateAcademy အတွင်း တည်ဆောက်နေသည့် ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center၊ စာသင်ဆောင်များ၊ အိပ်ဆောင်နှင့် ထမင်းစားဆောင်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် Naypyitaw State Academy ၏ ပင်မဆောင်အရှေ့ရှိ Recreation Park ကို တက္ကသိုလ်အင်္ဂါရပ်နှင့်အညီ သစ်ပင်ပန်းမန်များ၊ ရေပန်းအလှများ၊ မီးအလှများ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ် ကောင်းမွန်စေရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး အရည်အသွေးအကောင်းဆုံးဖြင့် သတ်မှတ်ကာလအတွင်း တည်ဆောက်ပြီးစီးရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Naypyitaw State Academy ရှိ ခြောက်ထပ်စာသင်ဆောင်သို့ သွားရောက်၍ ပညာသင်ကြားနေသည့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီး တွေ့ဆုံ၍ Naypyitaw State Academy သည် စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြား၊သင်ယူ၊လေ့ကျင့်မှုများမှ တစ်ဆင့် အသုံးချသုတေသနနှင့်တီထွင်ဆန်းသစ်မှုကိုအားပေးသည့် အဆင့်မြင့်ပညာရပ်များ သင်ယူရာ တက္ကသိုလ်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တစ်ခု၏ ဂုဏ်အင်္ဂါရပ်နှင့်ပြည့်စုံစေရန် ခြောက်ထပ်စာသင်ဆောင်အသစ်များ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ Recreation Center၊ ကျောင်းသားအိပ်ဆောင်နှင့်ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိပါကြောင်း။

ကျောင်းသားဗဟိုပြုသင်ကြားမှုစနစ်ကိုအကောင်ထည်ဖော်နိုင်ရန် အရည်အသွေးရှိသော သင်ကြား၊ သင်ယူမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန် စာသင်ခန်းတိုင်းအတွက် INTERACTIVE SMART BLACKBOARD များကိုလည်း တပ်ဆင်ပေးထားသည့်အပြင် Up-to-Date ဖြစ်သည့် Textbooks များ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Internet Access နှင့် e-library အပါအဝင် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာဖြည့်ဆည်းပေးထားပြီးဖြစ်ပါကြောင်း၊ အထူးပြုဘာသာရပ်များကိုသင်ကြားပို့ချမည့် ဆရာ၊ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို စဉ်းစားတွေးခေါ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုစွမ်းရည်များ မြင့်မားပြီး စိတ်ဓာတ်နှင့်ခံယူချက်မှန်ကန်ကောင်းမွန်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတော်က အားကိုးအားထားပြုအပ်သော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်းဖြင့် ပြောကြားကာ စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၅

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မြေမြင့်ဗုဒ္ဓသာသနာပြုကျောင်းတိုက်၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ၌ ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ထူးခြားသည့် ညအပူချိန်များ (၅-၁၂-၂၀၂၄)

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | သုည | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၁၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | နမ့်စန် | ၁၁ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ပြင်ဦးလွင် | ၁၁ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# နွားထိုးကြီးမြို့တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦးသေဆုံးပြီး ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့တွင် လေကြောင်းမှတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ လေးဦးသေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ နယ်မြေခံလုံခြုံရေးတာဝန်ရှိသူတစ်ဦးကို ဆက်သွယ်မေးမြန်းခဲ့ရာ အကြမ်းဖက်သမားများသည် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် လက်နက်အားကိုးဖြင့် ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသူများကို ရက်ရက်စက်စက် သတ်ဖြတ်၊ နှိပ်စက်ခြင်းများနှင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်းများလုပ်ဆောင်လျက်ရှိသည်ကို ပြည်သူများကသိရှိလာပြီဖြစ်သဖြင့် တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် အကြမ်းဖက်သမားများ၏ အစွန်းရောက်လုပ်ရပ်များကို ဖုံးကွယ်ပေးရန်၊ ပြည်သူများစိုးရိမ်ထိတ်လန့်ပြီး နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုအကြား သွေးကွဲစေရန် ရည်ရွယ်၍ ယခုကဲ့သို့အခြေအမြစ်မရှိသည့် သတင်းများဖြင့်လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။ (၅၀၁)







# ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရ စာရင်းများ ထုတ်ပြန်မည်

ပညာရေးဝန်ကြီးဌာန

အဆင့်မြင့်ပညာဦးစီးဌာန

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရရှိသူများစာရင်းကို ဒီဇင်ဘာ ၇ ရက်မှစတင်၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန website: www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website: www.dhe.gov.mm တို့တွင်လည်းကောင်း ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

ရှေ့ဖုံးမှအဆက်

ရုပ်သံမှတ်တမ်းဗီဒီယိုဖိုင်များပါဝင်သော အဆိုပြုစာတွဲ(Nomination File) ကို UNESCO ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ကော်မတီ(Committee of Intangible Cultural Heritage) သို့ ပေးပို့တင်သွင်းခဲ့သည်။ တင်သွင်းသည့်လုပ်ငန်းစဉ်ကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှုများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စုစည်းဆောင်ရွက်မှုများ၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးရှိ လူမှုအဖွဲ့အစည်း(NGO)များ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာသုံးစွဲသူများ၊ မြန်မာ့ရိုးရာအမွေအနှစ်ကို အမြတ်တနိုးတန်ဖိုးထားသည့် ပြည်သူများနှင့်သက်ဆိုင်ရာ ပညာရှင်၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရရှိခဲ့ခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင်ပါဝင်ခြင်းအားဖြင့် ပုဂံခေတ်ကာလမှယနေ့ထိခေတ်အဆက်ဆက်မှ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့ကြသည့် မြန်မာတို့၏ "မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်"ကို ကမ္ဘာက ပိုမိုသိရှိလာခြင်းဖြင့် ကမ္ဘာလှည့်ခရီးသွားများအား ပိုမိုဆွဲဆောင်လာနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကျိုးပြုနိုင်ခြင်း၊ မျိုးဆက်သစ်နောင်လာနောက်သားများကို လက်ဆင့်ကမ်းအမွေပေးအပ်နိုင်ခြင်း၊ အတာသင်္ကြန်ကို ရိုးရာမပျက်ထိန်းသိမ်းကျင်းပနိုင်ရေးအတွက် ပြည်သူလူထု၏ အသိအမြင် ပိုမိုပွင့်လန်းလာစေခြင်း၊ မြန်မာနိုင်ငံ၏ အခြားသောဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အတွေ့အကြုံကောင်းများနှင့် အခွင့်အလမ်းကောင်းများပိုမိုရရှိလာစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့ကို ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ



တန့်ယန်းမြို့နယ်၌ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့ကို Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် တရုတ်နိုင်ငံသား ချိန်လှပါ အမျိုးသား ၁၈ ဦး၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဒုစရိုက်မှုများလျော့နည်းပပျောက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ တိုက်ဖျက်ရေးတို့အတွက် နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းနှင့် Online နည်းပညာများအသုံးပြု၍ ပြစ်မှုကျူးလွန်သူများကို ခြေရာခံအတည်ပြုကာ တရားခံများဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နောင်ဟီးကျေးရွာရှိ နေအိမ်တစ်လုံး၌ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသားများပူးပေါင်းကာ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းများလုပ်ကိုင်နေကြောင်း သတင်းရရှိသဖြင့် အဆိုပါနေအိမ်ကိုသက်သေများနှင့်အတူဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသည့် မြန်မာနိုင်ငံသား အားဖျင်(ခ)စောက်ရီချုံပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦး၏ မှတ်တမ်းဓာတ်ပုံ။

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ ချိန်လှ ၃၀ နှစ်ပါ တရုတ်နိုင်ငံသားအမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ်နေ အားဖျင်(ခ)စောက်ရီချုံ ၃၅ နှစ်ပါ အမျိုးသား ၁၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးတို့ကို Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းပြုလုပ်ရာတွင်အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၂၆ လုံး၊ ဆက်စပ်ပစ္စည်း ၂၆ မျိုး၊ Star Link တစ်စုံ၊ ဖုန်းမျိုးစုံ အလုံး ၁၃၀ နှင့် CZ 75 D 9MM အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် ရှစ်တောင့်၊ Beretta 9MM အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် ခုနစ်တောင့်၊ Type-81 အမျိုးအစားသေနတ် နှစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည် အတောင့် ၄၀၊ ၄၀ မမ ပြောင်း တစ်ခု၊ စကားပြောစက် ခြောက်လုံး၊ ဆိုင်ကယ် နှစ်စီး၊ မီးစက် တစ်လုံး၊ WiFi စက် သုံးလုံး၊ DONG FENG ခြောက်ဘီးယာဉ် တစ်စီးတို့နှင့်အတူတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်။



တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်သူများကို ဖမ်းဆီးရမိမှုမှ CZ 75 D 9MM အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည် ရှစ်တောင့်၊ Beretta 9MM အမျိုးအစားပစ္စတိုသေနတ် တစ်လက်၊ ကျည် ခုနစ်တောင့်၊ Type-81 အမျိုးအစား သေနတ်နှစ်လက်၊ ကျည်အိမ် သုံးခု၊ ကျည် အတောင့် ၄၀၊ ၄၀ မမ ပြောင်း တစ်ခု သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

အဆိုပါ ဖမ်းဆီးရမိသူ ချိန်လှပါ တရုတ်နိုင်ငံသား အမျိုးသား ၁၈ ဦး၊ မြန်မာနိုင်ငံသား အားဖျင်(ခ)စောက်ရီချုံပါ အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦးတို့ကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး တန့်ယန်းမြို့မရဲစခန်း၌ အီလက်ထရောနစ်ဆက်သွယ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၃(က)ဖြင့်လည်းကောင်း၊ လဝကအက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့်လည်းကောင်း အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)









☆ ကျောဖုံးမှအဆက်

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ယခုနှစ် နိုဝင်ဘာလအတွင်း သတင်းရရှိမှု ၅၆ ကြိမ်ရရှိခဲ့ပြီး သတင်းမှား ၁၃ ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် ဖမ်းဆီးရမိမှု ၄၂ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိအမှုတွဲ ၇၇ မှုဖွင့်လှစ်ထားပြီး ဖမ်းဆီးရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်း ၅၅ မျိုးအပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၈ ဒသမ ၅၀၁ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် မော်တော်ယာဉ်များအပါအဝင် လိုင်စင်မဲ့ရေယာဉ်နှင့် လိုင်စင်မဲ့မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

ယခုနှစ် နိုဝင်ဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း ဖမ်းဆီးရမိမှုတန်ဖိုးငွေကျပ် ၁၆၇၈ ဒသမ ၅၀၁ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သောငွေကျပ် ၃၃၅ ဒသမ ၇ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com တို့သို့ သတင်းပေးပို့ တိုင်ကြားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၅**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ ကမ်းရိုးတန်းအပန်းဖြေစခန်းများတွင် အပူချိန်မြင့်တက်မှုကြောင့် လာရောက်လည်ပတ်သူနည်းပါးလာ



**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ ကမ်းရိုးတန်းအပန်းဖြေစခန်းများတွင် အပူချိန်မြင့်တက်မှုကြောင့် လာရောက်လည်ပတ်သူ နည်းပါးလာကြောင်း ယနေ့သတင်းများအရ သိရသည်။

ရာသီဥတု ဖောက်ပြန်မှုများကြောင့် အပူချိန်မြင့်တက်မှုသည် အရှိန်မြင့်လာကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်အတူ အလက်စကာပြည်နယ်ရှိ ရေခဲပြင်များအရည်ပျော်ကျကာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု၊ နှင်းခဲများပြိုကျမှုနှင့် မြေတိုက်စားမှုများကြောင့် ပြည်နယ်၏ ကမ်းရိုးတန်းဒေသများတွင် ကုန်းမြေများဆုံးရှုံးသွားနိုင်သည်ဟု သိပ္ပံပညာရှင်များက သတိပေးထားကြောင်း သိရသည်။

"တွေ့ရှိချက်တွေအရ ပင်လယ်ကမ်းရိုးတန်း ဒေသမှာ ကုန်းမြေတွေ ပျက်စီးလာတယ်။ ကမ်းခြေရဲ့ အလှတရားတွေလဲ ပျောက်ကွယ်လာတယ်။ သဘာဝအလှတရားကို လာရောက်ခံစားအပန်းဖြေတဲ့သူတွေ သိပ်မရှိတော့ပါဘူး။ အလည်အပတ်လာတဲ့သူအရေအတွက်လျော့လာတော့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ပြီး အလုပ်လုပ်တဲ့သူတွေ စီးပွားရေးကျပ်တည်းလာပါတယ်"ဟု ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေရန် ကမ်းရိုးတန်းများကို ဒေသခံများနှင့် ပြည်နယ်အစိုးရတို့က ပူးပေါင်းထိန်းသိမ်းကြရန် လိုလာကြောင်း အမေရိကန်အခြေစိုက် Applied Ocean Physics and Engineering Department မှ လက်ထောက်သိပ္ပံပညာရှင် ဂျူလီယာက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# သမုဒ္ဒရာဂေဟစနစ်ကို အထောက်အပံ့ဖြစ်စေသည့် ပင်လယ်ဖျံများ မျိုးသုဉ်းလုနီးပါးစာရင်းဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၅**

သမုဒ္ဒရာဂေဟစနစ်ကို အထောက်အပံ့ ဖြစ်စေသည့် ပင်လယ်ဖျံများ မျိုးသုဉ်းလုနီးပါးစာရင်းဝင်လာကြောင်း နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(IUCN) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပင်လယ်ဖျံမျိုးစိတ်များသည် အဏ္ဏဝါဂေဟစနစ်များကို ဟန်ချက်ညီအောင် ထိန်းသိမ်းရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ သမုဒ္ဒရာဂေဟစနစ်ကို အနှောင့်အယှက်ဖြစ်စေသည့် မျှော့များ၊ ပက်ကျိများ၊ ရေညှိများအပြင် ပင်လယ်သမုဒ္ဒရာအတွင်း ကျူးကျော်မျိုးစိတ်ဖြစ်သော ခရမ်းရောင် သံပခြုပ်များသည် ၎င်းတို့၏ အဓိကအစားအစာဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပင်လယ်ဖျံများကောင်ရေ ကျဆင်းလာသဖြင့် နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(IUCN) ၏ ခြိမ်းခြောက်ခံရသော မျိုးစိတ်များစာရင်းတွင် ပါဝင်လာကြောင်း၊ ပင်လယ်ဖျံများ အရေအတွက် ကျဆင်းလာခြင်း၏ အဓိကအကြောင်းရင်းမှာ အလွန်အကျွံဖမ်းဆီးခြင်း၊ ရေနံယိုဖိတ်ခြင်း၊ သားကောင်များအရှင်ရောင်းဝယ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပင်လယ်ဖျံမျိုးစိတ်ထက်ဝက်ကျော် ကောင်ရေကျဆင်းခဲ့သဖြင့် အလျင်အမြန်ထိန်းသိမ်းရန် လိုလာသည်ဟု နိုင်ငံတကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့(IUCN)က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**နယူးဒေလီ ဒီဇင်ဘာ ၅**

အိန္ဒိယနိုင်ငံ တယ်လန်ဂါနာပြည်နယ်တွင် ဒီဇင်ဘာ ၄ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိသည့်ငလျင်လှုပ်ခတ်ခဲ့ပြီး ငလျင်လှိုင်းသည် အန်ဒရာပရာဒစ်ပြည်နယ်ထိ ရောက်ရှိခဲ့ကြောင်း National Centre for Seismology (NCS) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ငလျင်သည် မူလူဂူခရိုင်တွင် ဗဟိုပြု လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်ခဲ့သော ဧရိယာအနီးတွင် လမ်းပိုင်းတချို့ ပျက်စီးခဲ့ကြောင်း၊ ငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သော ဧရိယာအနီးတွင် တည်ရှိသည့် လူနေအိမ်တချို့လည်း ပြိုကျပျက်စီးခဲ့ကြောင်း၊ အဆိုပါငလျင်သည် နှစ်ပေါင်း ၂၀ အတွင်း တယ်လန်ဂါနာပြည်နယ်၌ လှုပ်ခတ်ခဲ့သော ငလျင်များအနက် အားအပြင်းဆုံးသော ငလျင်ဖြစ်ခဲ့ကြောင်း၊ တယ်လန်ဂါနာသည် Seismic Zone II အဆင့်တွင် တည်ရှိသည့် ပြည်နယ်ဖြစ်ပြီး အိန္ဒိယနိုင်ငံတွင် ငလျင်ဒဏ် အနည်းဆုံးခံစားရသည့် ပြည်နယ်ဖြစ်ကြောင်း သိရသည်။



"တယ်လန်ဂါနာပြည်နယ်မူလူဂါခရိုင်မှာ ဒီဇင်ဘာ ၄ ရက်က ပြင်းအား ၅ ဒသမ ၃ မဂ္ဂနီကျူရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ဒီငလျင်ဟာ တယ်လန်ဂါနာပြည်နယ်အတွက် နှစ်ပေါင်း ၂၀ အတွင်း ပြင်းအားအများဆုံးငလျင်ဖြစ်ခဲ့ပါတယ်။ ငလျင်လှိုင်းဟာ ဟိုက်ဒရာဘတ်မြို့ကို အပြင်းထန်ဆုံး ရောက်ရှိခဲ့ပါတယ်။ စောင့်ကြည့် တိုင်းတာချက်အရ တယ်လန်ဂါနာပြည်နယ်ရဲ့ မြို့တော်တော်များများကို ငလျင်လှိုင်းရောက်ရှိခဲ့ပါတယ်"ဟု ငလျင်နှင့်ပတ်သက်ပြီး National Centre for Seismology(NCS)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဗြိတိန်နိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းပညာများအတွက် ကာတာနိုင်ငံက ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**ဒိုဟာ ဒီဇင်ဘာ ၅**

ကာတာနိုင်ငံသည် ရာသီဥတုလွှမ်းကဲမှုကိုတိုက်ဖျက်ရန်အတွက် ရာသီဥတုပြောင်းလဲမှုဆိုင်ရာနည်းပညာများနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သွားရန် စီစဉ်နေပြီး ဗြိတိန်နိုင်ငံကဆောင်ရွက်သွားမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နည်းပညာကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

ကာတာနိုင်ငံအနေဖြင့် ရာသီဥတုလွှမ်းကဲမှုထိန်းချုပ်ရေးအနေဖြင့် စွမ်းအင်ကဏ္ဍကို အဓိကပြောင်းလဲမှုပြုလုပ်သွားမည်ဖြစ်ပြီး ၎င်းအတွက် ဗြိတိန်နိုင်ငံက အကောင်အထည်ဖော်သွားမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာနည်းပညာများအတွက် ငွေကြေးအမြောက်အမြား သုံးစွဲပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကာတာနိုင်ငံက ရာသီဥတုလွှမ်းကဲမှုနှင့်ပတ်သက်ပြီး စွမ်းအင်ကဏ္ဍပြောင်းလဲမှု ပြုလုပ်ရေးအတွက် Rolls-Royce မော်တော်ကားကုမ္ပဏီက ဆောင်ရွက်သွားမည့် စွမ်းအင်ပြောင်းလဲမှု ပရိုဂရမ်တွင်လည်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်သွားမည်ဖြစ်ကြောင်း၊ Rolls-Royce ကုမ္ပဏီကလည်း စွမ်းအင်ကဏ္ဍမှ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး၊ သန့်ရှင်းသည့်စွမ်းအင်ကို ရေရှည်အသုံးပြုနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အတွက် ကာတာနိုင်ငံက Rolls-Royce ကုမ္ပဏီ၏ စီမံကိန်းတွင် ပါဝင်ရန် စီစဉ်လာခြင်းဖြစ်ကြောင်း သိရသည်။

"စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးကို အလေးထားဆောင်ရွက်နေပြီးတော့ ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေး စီမံကိန်းဟာ ကျွန်တော်တို့ရဲ့ အရေးကြီးတဲ့ နည်းဗျူဟာတစ်ခု ဖြစ်လာပါလိမ့်မယ်"ဟု Rolls-Royce ကုမ္ပဏီ၏ အမှုဆောင်ချုပ်ဖြစ်သူ တူဖန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# မလေးရှားနိုင်ငံ ရေဘေးသင့်ပြည်နယ်တချို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများစတင်နေ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**

မလေးရှားနိုင်ငံ ရေဘေးသင့်ပြည်နယ်တချို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း မလေးရှားအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ဒီဇင်ဘာ ၄ ရက် သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်နယ်တချို့တွင် ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေဘေးသင့်ပြည်နယ်များတွင် ဒေသခံ ဦးရေ ၁၅၀၀၀၀ ကျော်ထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရသကဲ့သို့ သေဆုံးသူ ဦးရေ ၃၀ ထက်မနည်းရှိခဲ့ကြောင်း၊ ရေဘေးအန္တရာယ်ကြောင့် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့သည့်အတွက် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့ကြောင်း၊ အခြေခံအဆောက်အအုံများနှင့်နေအိမ်များလည်း ပျက်စီးခဲ့ပြီး ပျက်စီးခဲ့သည့် အဆောက်အအုံများကို စိစစ်နေဆဲဖြစ်ကြောင်း သိရသည်။

ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံးရင်ဆိုင်ခဲ့ရသည့် ပြည်နယ်မှာ ကီလန်တန်ပြည်နယ်ဖြစ်သော်လည်း ကီလန်တန်ပြည်နယ် တမ်ပတ်ခရိုင်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်ကြောင်း၊ ကီလန်တန်ပြည်နယ် တမ်ပတ်ခရိုင်နှင့် တာနာမီရာခရိုင်တို့တွင် နိုဝင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း မိုးရေချိန်မှာ ၁၁၆၇ မီလီမီတာထိ ရွာသွန်းခဲ့ပြီး တီရန်ဂါနူပြည်နယ် ဘီဆက်မြို့တွင် မိုးရေချိန်မှာ ၁၇၆၁ မီလီမီတာထိ ရွာသွန်းခဲ့ကြောင်း သိရသည်။

မလေးရှားနိုင်ငံ၏ သက်တမ်းတစ်လျှောက် မိုးရေချိန်အမြင့်မားဆုံးအဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပြီး ပြီးခဲ့သော ခြောက်လတာကာလအတွင်း ရွာသွန်းခဲ့သောမိုးရေချိန်ပမာဏထက် နိုဝင်ဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်အတွင်း ရွာသွန်းခဲ့သောမိုးရေချိန်က ပိုမိုမြင့်မားခဲ့ကြောင်း မလေးရှားဝန်ကြီးချုပ် အန်ဝါဘင်အီဗရာဟင်မ်က ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မိုးစပါး ၂၀၅၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရွှေဘို ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၀၅၃ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၁၀၄၇၆၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောမိုးစပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၀၅၃ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၇ ဒသမ ၀၆ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါးဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးစိုက်ခင်းတွေ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေ ဆောင်ရွက်ပေးတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးထားသောစပါးခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှီးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းနေ



**မအူပင် ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှဝင်ရောက်လာသည့် ငရုတ်ပွသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြသည်။

မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် ငရုတ်ပွသီးများ ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ယနေ့ထိ အရောင်းအဝယ်ကောင်းမွန်လာပြီး ငရုတ်ပွသီးများ တစ်ရက်လျှင် ပိဿာချိန် ၁၅၀ ကျော်ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို ငရုတ်ပွသီးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ စားသုံးသူလိုအပ်ချက်ကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ လက်ရှိ တစ်ရက်ကို ရောင်းအားအနေနဲ့ ပိဿာချိန် ၁၅၀ နဲ့အထက်မှာပဲ ရှိနေပါတယ်။ ပြီးခဲ့တဲ့လက ရောင်းအားကျတော့ လဲ တစ်နေ့တာအနေနဲ့ပိဿာချိန် ၁၀၀ လောက်ပဲရှိခဲ့တာ။ လက်ရှိ ငရုတ်ပွသီး ပိဿာချိန် ၁၀၀ ကို ငွေကျပ် ၄၅၀၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ဒီဘက်ဝင်ရောက်လာတဲ့ ငရုတ်ပွသီးတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းပါတယ်" ဟု မအူပင်မြို့နယ် ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိဖြိုးက ပြောပြသည်။

မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ငရုတ်ပွသီးအပြင် လက်ဖက်ခြောက်၊ ကြက်သွန်နီ၊ အာလူး၊ ကြက်သွန်ဖြူ၊ ချင်း စသည့်ကုန်ပစ္စည်းများကို တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါ ငရုတ်ပွသီးများ အရောင်းအဝယ် ကောင်းနေခြင်းကြောင့် ငရုတ်ပွစိုက်သူများ၊ ကုန်စည်သယ်ယူတင်ပို့သည့်လုပ်ငန်းများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာအုပ်စု တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခုသတ္တမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၂ ဦးကို ငွေကျပ် ၄၀ ဒသမ ၃၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **သန်းသန်းစိုး**

## တူပျော်ယှဉ်နွဲ့ အမျိုးသားအားကစားပွဲ

\- နိုင်ငံနှင့် အားကစား
ခွဲခြားလို့ မရပါ၊
တိုင်းနယ်ရွှာ တိုးတက်မှု
ရှေ့ရှုနေတာ၊
ပြည်သူများ အားထုတ်ကာ
ပြုလုပ်ရာ လိုပါကြောင်း၊
စိတ်ခန္ဓာ ကျန်းမာမှုကို
သွန်းပြုကာကောင်း။

\- အားကစားမှာ များတကာစု
စည်းလုံးမှု ရရှိသည်၊
ယုံကြည်ရာ မိတ်ဆွေများ
တိုးပွားစေမည်၊
အောင်မြင်မှု လှမ်းတိုင်ချီ
ထိုတိုင်းပြည် လွန်ကျော်ကြား၊
ကြီးမားစွာ ဂုဏ်ဒြပ်ရယ်
ထင်ဟပ်နေပြီး။

\- အမျိုးသား အားကစားပွဲ
ဆင်နွှဲတဲ့ ပြည်မြန်မာ၊
ကြိမ်ရေမှာ ပဉ္စမ
ထွန်းပချိန်ခါ၊
ကိုးရက်နေ့ ဒီဇင်ဘာ
စတင်ကာ ဆင်ယင်နွှဲ၊
နေပြည်တော် ဇမ္ဗူစခန်းက
လက်ကမ်းကြိုမြဲ။


\- ချမှတ်တာ ရည်ရွယ်ချက်
လွန်လေးနက် ငါးခုလာ၊
အားကစားအရာဆင့်များ
မြင့်မားရမှာ၊
ဆီးဂိမ်းသို့ ဝင်ဖို့ရာ
ကြိုသိလို့သာ ရည်ရွယ်တွေး၊
လူငယ်မှာ မျိုးဆက်သစ်ကို
ဖွေလှစ်မယ်လေး။ ။

(ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို ဂုဏ်ပြုရေးဖွဲ့ပါသည်)


**လမင်းခန့်(ပညာရေး)**

COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်



အိမ်တွင်း ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများပြုလုပ်ပါ။ အာဟာရပြည့်ဝစေမည့် အစားအစာများ စားသောက်ပါ။ ကောင်းစွာအိပ်စက်အနားယူပါ။

# အသံလွန်ဒုံးကျည်စွမ်းဆောင်ရည်လှစ်ဟပြသခဲ့သော တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံက ထုတ်ဖော်ပြသခဲ့သော Air-to-Ship Guided Missile-II ဟု ခေါ်ဆိုသည့် မီလီမီတာ ၄၀၀ အတန်းအစား သင်္ဘောဖျက်အသံလွန် ခရုဇ်ဒုံးကျည်အသစ်သည် မြောက်ကိုရီးယားနိုင်ငံကို တမင်ရည်ရွယ်ထားခြင်းဖြစ်ပြီး ကိုရီးယားကျွန်းဆွယ်၌ တင်းမာမှုများမြင့်တက်နေစဉ် တောင်ကိုရီးယား၏ ဟန့်တားမှုမဟာဗျူဟာကို မြှင့်တင်လျက်ရှိကြောင်း မီးမောင်းထိုးပြသလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီ(ADD)သည် 2024 Sacheon လေကြောင်းပြပွဲ၌ ဒုံးကျည်ပုံစံကို ပြသခဲ့ကြောင်း နိုဝင်ဘာလထုတ် ရေတပ်သတင်းစာ၌ ဖော်ပြထားသည်။ ၎င်းဒုံးကျည်သည် တစ်နာရီလျှင် ကီလိုမီတာ ၃၀၀၀ (Mach 2.5) အလျင်နှုန်းဖြင့် ပျံသန်းနိုင်ပြီး ကီလိုမီတာ ၃၀၀ ရှိ ပစ်မှတ်များကို ရောက်ရှိပစ်ခတ်နိုင်ရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်သည်။ ၎င်းဒုံးကျည်သည် တောင်ကိုရီးယားနိုင်ငံ၏ FA-50 အပေါ့စားတိုက်လေယာဉ်နှင့် KF-21 Boramae တိုက်လေယာဉ်များ၏ စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်ရန် ရည်မှန်းထားရှိသည်။

၎င်းဒုံးကျည်သည် အမြင့်နှင့် အနိမ့်ပျံသန်းနိုင်သော ရုတ်ခြည်းတွန်းကန်အားစနစ်နှင့် ဘက်စုံမစ်ရှင်များအတွက် မော်ကျူလာဒီဇိုင်းအပြင် ရေဒါနှင့် အီလက်ထရွန်အာရုံခံကိရိယာများ ပေါင်းစပ်ထားသော နှစ်မျိုးနှစ်စားအသုံးပြုနိုင်သည့် ရှာဖွေရေးကိရိယာတို့ပါဝင်သည်။

Hanwha Aerospace ကဲ့သို့သော ကာကွယ်ရေးပစ္စည်းထုတ်လုပ်သည့် ပြည်တွင်းကုမ္ပဏီများပါဝင်သော လက်ရှိအကောင်အထည်ဖော်နေသည့် စီမံကိန်းတွင် ၂၀၂၅ ခုနှစ်၌ စမ်းသပ်ပျံသန်းမှု သုံးကြိမ် လုပ်ဆောင်သွားမည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းဝယ်ယူမှုအစီအစဉ်ဆိုင်ရာ အဆင့်မြှင့်တင်ဆောင်ရွက်မှုကော်မတီသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဟု မျှော်မှန်းထားသည့် စီမံကိန်းကို သုံးသပ်အတည်ပြုထားရှိပြီး ဘတ်ဂျက် အမေရိကန်ဒေါ်လာသန်း ၄၂၀ ခန့် သုံးစွဲသွားရန် ခန့်မှန်းထားရှိသည်။

အဆိုပါဒုံးကျည်ကို FA-50၊ KF-21 တို့နှင့် အောင်မြင်စွာ ပေါင်းစပ်ဆောင်ရွက်နိုင်မှုသည် ပြည်ပတင်ပို့နိုင်မှုအခွင့်အလမ်းများ ပွင့်သွားနိုင်ပြီး အထူးသဖြင့် ပိုလန်နှင့် ဖိလစ်ပိုင်နိုင်ငံတို့သို့ တင်ပို့သွားနိုင်မည်ဖြစ်သည်။ လက်ရှိဖြစ်ပွားနေသော ယူကရိန်းပဋိပက္ခ၌ တွေ့ရှိရသည့် အသံ၏ အလျင်နှုန်းအောက်နိမ့်သော ခရုဇ်ဒုံးကျည်များ၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များဖြစ်ပေါ်နေခြင်းသည် အသံလွန်ခရုဇ်ဒုံးကျည်များ သုတေသနပြုတည်ဆောက်ရာတွင် တောင်ကိုရီးယားနိုင်ငံ၏ စိတ်ပါဝင်စားမှုကို မြင့်တက်လာစေလျက်ရှိသည်။ သာဓကအနေဖြင့်အိန္ဒိယနိုင်ငံ၏ Brahmos ကဲ့သို့သော အသံလွန်ဒုံးကျည်များသည် ကြားဖြတ်တိုက်ခိုက်ခံရနိုင်မှုအလားအလာ ငါးရာခိုင်နှုန်းအောက်တွင်သာရှိသည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် အသံ၏ အလျင်နှုန်းအောက်နိမ့်သော ခရုဇ်ဒုံးကျည်များ၏ စွမ်းဆောင်ရည်ပိုင်းဆိုင်ရာ ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားလျက် မြောက်ကိုရီးယားနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော လေကြောင်းရန် ကာကွယ်ရေးစနစ်များကို တုံ့ပြန်နိုင်ရေးအတွက် အသံလွန်ဒုံးကျည်အသစ်များ သုတေသနပြုတည်ဆောက်လျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံသည် အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ လေကြောင်းမှ တိုက်ခိုက်လာမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရေးအတွက် ကုန်းမြေအခြေစိုက် လေကြောင်းရန်ကာကွယ်ရေးစနစ်များကို ခေတ်မီအဆင့်မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် S-57 နှင့် S-125 ကဲ့သို့သော ဆိုဗီယက်ခေတ်ထုတ် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်(SAM)များအပေါ် လုံးလုံးလျားလျား မှီခိုနေရသော်လည်း အနီးအောက်ရောင်ခြည်သုံး ရှာဖွေရေးကိရိယာများနှင့် လှုပ်ရှားစစ်ကစားနိုင်မှု အဆင့်မြှင့်တင်ခြင်းအပါအဝင် သိသာထင်ရှားသည့် အဆင့်မြှင့်တင်မှုများကို မကြာသေးမီကပင် လုပ်ဆောင်လာလျက်ရှိသည်။









မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ရုရှားနိုင်ငံထုတ် S-300 အမျိုးအစား မြေပြင်မှ ဝေဟင်ပစ်တာဝေးပစ်ဒုံးကျည်နည်းပညာ ပေါင်းစပ်ထားသည့် Lighting-5(KN-06)SAM ကို မိတ်ဆက်ပြသနိုင်ခဲ့သဖြင့် ဒုံးကျည်၏ ရောက်ရှိနိုင်မှု အကွာအဝေးနှင့် ပစ်မှတ်အမျိုးမျိုးကို ထိမှန်နိုင်မှုတို့တွင် သိသိသာသာ တိုးတက်လာခဲ့သည်။ အထူးသဖြင့် ၂၀၂၃ ခုနှစ်ကတည်းက အကြိမ်ကြိမ်စမ်းသပ်ပစ်ခတ်ခဲ့သော Meteor-1-2 SAM သည် အဆင့်မြင့်ပဲ့ထိန်းမှုနည်းပညာနှင့် တွန်းကန်အားမြင့်မားသော ပျံသန်းမှုအင်ဂျင်တို့ပါဝင်သောကြောင့် ရောက်ရှိနိုင်မှု အကွာအဝေးနှင့် လှုပ်ရှားစစ်ကစားနိုင်မှုတို့ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံသည် လေကြောင်းရန်ကာကွယ်ရေး အဆင့်မြှင့်တင်မှုကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံအနေဖြင့် အသံလွန်ခရုဇ်ဒုံးကျည်ထုတ်ဖော်ပြသမှုသည် ယူကရိန်းပဋိပက္ခတွင် မြောက်ကိုရီးယားနိုင်ငံ၏ ပါဝင်ကူညီနေမှုအပေါ် တုံ့ပြန်သတင်းစကားပါးရန် ရည်ရွယ်ထားရှိဟန်တူသည်။ အမှန်တော့ မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းပဋိပက္ခတွင် တိုးမြှင့်ပါဝင်လျက်ရှိသောကြောင့် ရုရှားနိုင်ငံကို ကူညီပံ့ပိုးလျက်ရှိသည့် ပထမဆုံးသော ပြည်ပတပ်ဖွဲ့ဝင်ဖြစ်လာခဲ့သည်။

ယူကရိန်းနှင့် တောင်ကိုရီးယားတာဝန်ရှိသူများက မြောက်ကိုရီးယားစစ်ဘက်အင်ဂျင်နီယာများသည် ရုရှားနိုင်ငံကို ပဲ့ထိန်းဒုံးကျည်ပစ်မှတ်များ ရှာဖွေရာတွင် ကူညီလျက်ရှိပြီး မြောက်ကိုရီးယားတပ်ဖွဲ့များသည် ရုရှားတပ်ဖွဲ့များနှင့်အတူ စစ်ရေးလေ့ကျင့်လျက်ရှိသဖြင့် စစ်ရေးအရှိန် ပိုမိုမြင့်တက်လာလျက်ရှိသည်။ ယူကရိန်းအခြေခံအဆောက်အအုံများကို တိုက်ခိုက်ရာတွင် KN-23 နှင့် KN-24 ကဲ့သို့သော မြောက်ကိုရီးယားဒုံးကျည်များကို အသုံးပြုလျက်ရှိကြောင်း အမေရိကန်ထောက်လှမ်းရေးသတင်းအချက်အလက်များက အတည်ပြုထားရှိသည်။ မြောက်ကိုရီးယားနိုင်ငံသည် ၂၀၂၂ ခုနှစ် ယူကရိန်းပဋိပက္ခစတင်ကတည်းက ရုရှားနိုင်ငံကို အမြောက်ကျည် တစ်သန်းကျော် ပံ့ပိုးပေးထားပြီးဖြစ်ကြောင်း သတင်းများ၌ ဖော်ပြထားသည်.

မြောက်ကိုရီးယားနိုင်ငံသည် ပဲ့ထိန်းဒုံးကျည်နှင့် အမြောက်ခဲယမ်းများအပြင် M1989 Koksan ပဲ့ထိန်းအမြောက်စနစ်များကိုလည်း ရုရှားနိုင်ငံသို့ ပေးထားကြောင်း၊ ၎င်းဒုံးကျည်များသည် ကီလိုမီတာ ၄၀ ထိ ရောက်ရှိပစ်ခတ်နိုင်ပြီး ရော့ကတ်အထောက်အကူပြုထားမည်ဆိုလျှင် ၅၉ ကီလိုမီတာထိ ရောက်ရှိပစ်ခတ်နိုင်သောကြောင့် ရုရှားနိုင်ငံ၏ အမြောက်စွမ်းရည်များကို မြှင့်တင်နိုင်မည်ဖြစ်သည်။ Koksan ပဲ့ထိန်းအမြောက်စနစ်များ ရောက်ရှိလာခြင်းသည် ယူကရိန်း၏ အမြောက်စနစ်ကို ပိုမိုအင်အားချည့်နဲ့လာစေမည်ဖြစ်သည့်အတွက် ရုရှား၏ လွှမ်းမိုးမှုအောက်တွင် ရုန်းကန်နေရသည့် ယူကရိန်းတပ်ဖွဲ့များအတွက် စိန်ခေါ်မှု ပိုမိုဖြစ်ပေါ်လာစေမည်ဖြစ်သည်။

ရုရှားနှင့် မြောက်ကိုရီးယားတို့ကြား စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက် အပေးအယူများရှိနေသည်။ ဆိုရလျှင် မြောက်ကိုရီးယားနိုင်ငံသည် စစ်ရေးဆိုင်ရာ အကူအညီများပေးအပ်မှုအတွက် ရုရှားထံမှ ဒုံးကျည်နည်းပညာနှင့် စီးပွားရေးဆိုင်ရာ ပံ့ပိုးမှုများ တောင်းခံထားရှိသည်။ အဆိုပါ မိတ်ဖက်ဆက်ဆံရေးသည် မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စွမ်းဆောင်ရည်များ တိုးမြှင့်နိုင်မည်ဖြစ်သည့်အတွက် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်လာနိုင်သည်။

ထို့ကြောင့် တောင်ကိုရီးယားနိုင်ငံသည် မူဝါဒအပြောင်းအလဲလုပ်ဆောင်သွားမည့် အလားအလာရှိနေသည်။ တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် ယူကရိန်းနိုင်ငံသို့ ထိုးစစ်အထောက်အကူပြုလက်နက်များ ပံ့ပိုးကူညီသွားမည်ဟု အရိပ်အမြွက်ပြောဆိုလျက်ရှိသည်။ ထိုသို့ လုပ်ဆောင်သွားမည်ဆိုလျှင် ရုရှားနိုင်ငံ၏ ပြင်းထန်သောတုံ့ပြန်မှုနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ထိုအတောအတွင်း အမေရိကန်နှင့်တောင်ကိုရီးယားကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများသည် မြောက်ကိုရီးယားနိုင်ငံ၏ စစ်ရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရေး ပူးတွဲကြိုးပမ်းသည့်လုပ်ငန်းများလုပ်ဆောင်လျက်ရှိရာ ဉာဏ်ရည်တု(AI)နှင့် ကွန်တမ်စနစ်များကဲ့သို့သော အဆင့်မြင့်နည်းပညာများတွင် ပိုမိုအလေးထားလုပ်ဆောင်လျက်ရှိသည်။

အထူးသဖြင့် တောင်ကိုရီးယားနိုင်ငံ၏ အသံလွန်ခရုဇ်ဒုံးကျည်အသစ်သည် မြောက်ကိုရီးယားနိုင်ငံ ကို ရည်မှန်းထားဖွယ်ရာရှိနေသည်။ တောင်ကိုရီးယားနိုင်ငံ၏ ၂၀၂၂ ခုနှစ် ကာကွယ်ရေးစက္ကူဖြူစာတမ်း၌ ကြီးမားသော ပစ်ဒဏ်ခတ်မှုနှင့် လက်တုံ့ပြန်မှု (KMPR) စီမံကိန်းကို အသေးစိတ်ဖော်ပြထားရှိသည်။ KMPR သည် မြောက်ကိုရီးယားခေါင်းဆောင်နှင့် အရေးပါသော အဆောက်အအုံများကို တိကျမှုမြင့်မားသည့် မဟာဗျူဟာမြောက်စွမ်းဆောင်ရည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းအားဖြင့် ပြစ်ဒဏ်ခတ်သည့် ဟန့်တားမှုစွမ်းဆောင်ရည်အပေါ် အလေးထားလုပ်ဆောင်သွားမည်ဖြစ်သည်။

KMPR စီမံကိန်းသည် တောင်ကိုရီးယားနိုင်ငံ၏ ရန်သူချေမှုန်းရေးမဟာဗျူဟာ၊ ကိုရီးယားဝေဟင်နှင့် ဒုံးကျည်ကာကွယ်ရေး(KAMD)စနစ်တို့၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ KAMD သည် ဝေဟင်၊မြေပြင်နှင့် ပင်လယ်ပြင်အခြေစိုက် တိုက်ခိုက်ရေးစစ်လက်နက်ပစ္စည်းများကို ပေါင်းစပ်တပ်ဆင်ထားရှိမည်ဖြစ်သည်။ ၎င်းစီမံကိန်းသည် ဒုံးကျည်၏ပစ်ခတ်ရောက်ရှိနိုင်မှု အကွာအဝေး၊ ချေမှုန်းနိုင်မှုနှင့် နျူကလီးယားတိုက်ခိုက်လာနိုင်မှုကို ထိရောက်စွာတုံ့ပြန်တိုက်ခိုက်နိုင်မည့် အစုလိုက် အပြုံလိုက် ပစ်ခတ်နိုင်မှု စွမ်းဆောင်ရည်များအပေါ် အလေးထားလုပ်ဆောင်လျက်ရှိသည်။ အဓိကပစ်မှတ်များကို အလွယ်တကူချေမှုန်းနိုင်ရေးအတွက် အဆင့်မြင့်စောင့်ကြည့်ကင်းထောက်မှုနှင့် တိုက်ခိုက်ရေးစွမ်းဆောင်ရည်များဖြင့် ပစ်မှတ်တိကျသေချာစေ ရန် လုပ်ဆောင်လျက်ရှိသည်။

သို့သော် တောင်ကိုရီးယားနိုင်ငံ၏ ထိုးစစ်အပြုအမူဖြစ်သော စစ်ရေးဆိုင်ရာမဟာဗျူဟာသည် တင်းမာမှုများ မြင့်တက်လာစေနိုင်ပြီး မြောက်ကိုရီးယားနိုင်ငံထံမှ နျူကလီးယားတုံ့ပြန်မှုဖြင့် လက်ဦးမှုရယူတိုက်ခိုက်ခြင်းကိုပင် ကြုံတွေ့ရနိုင်ပေသည်။ ကင်ဂျုံအန်အစိုးရအဖွဲ့ကို ခြိမ်းခြောက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံ၏ အရေးယူဆောင်ရွက်လာမှုနှင့် ရင်ဆိုင်ရဖွယ်ရှိပြီး စွန့်စားရမှုအန္တရာယ်မြင့်တက်လာခြင်းသည် တောင်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာမြောက် အကျိုးကျေးဇူးများအပေါ်ပင်လျှင် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်လာနိုင်သည်။ ကျူးကျော်မှုများကို ဟန့်တားနိုင်ရန် ရည်မှန်းထားသည့် တောင်ကိုရီးယားနိုင်ငံ၏ မဟာဗျူဟာသည် သံခင်းတမန်ခင်းကြိုးပမ်းမှုများနှင့် စစ်ရေးဆိုင်ရာရပ်တည်ချက်တို့ကို ဟန်ချက်ထိန်းညှိသွားရန် လိုအပ်သည်။ အထူးသဖြင့် တရုတ်နိုင်ငံသည် ကိုရီးယားကျွန်းဆွယ်ရှိ ပြိုင်ဆိုင်မှုပြင်းထန်နေသော နှစ်နိုင်ငံကြား ကြားဝင်စေ့စပ်ညှိနှိုင်းဆောင်ရွက်သွားခြင်းအပါအဝင် ဘက်ပေါင်းစုံမှ ကြိုးပမ်းသွားရန် လိုအပ်လျက်ရှိသည်။

**ကိုးကား**

**- South Korea shows missile capable of decapitating Kim regime by Asia Times.**

**ဝင်းဇင်(သုတေသန)**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၀၀၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကျောက်မြောင်းမြို့နယ်ခွဲအတွင်း မြေပဲ ၁၁၀၁၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံအနေနဲ့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မြေပဲစိုက်ပျိုးရာ၌ မြေပဲတစ်ဧကလျှင် မျိုးတစ်တင်းခွဲ စိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ် နှစ်သိန်းကျော်ကုန်ကျကြောင်း၊ တစ်ဧကစိုက်ပျိုးပါက တင်းရေ ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများရယူခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**ဝါးခယ်မ ဒီဇင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်နှင့် တာဝန်ရှိသူများက ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး စနစ်တကျဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဝဲညောင်ချောင်းကျေးရွာ၌ လမ်း အရှည် ၁၁၁၅ ပေ၊ အကျယ် ငါးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ကျောင်းစုကျေးရွာ၌ တစ်ဖက်လျှင် လမ်း အရှည် ၁၂၈၅ ပေ၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မစီရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ၊ ပြည်သူထည့်ဝင်ငွေများဖြင့် ယခုနှစ် ဇူလိုင်လ တတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်ထံမှ သိရသည်။

**အထွေး**

ခရီးသွားဆောင်းပါး

# အေးအေးဆေးဆေး မြို့တွံတေး

သက်နိုင်(ပြင်ဦးလွင်)

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေကို သွားရောက်ကြမဲ့ခရီးစဉ်အစမှာ ရန်ကုန်မြို့တစ်ဖက်ကမ်း ဒလမြို့ကို ရောက်ရှိနေကြပါပြီ။ ဒီခရီးစဉ်ကို သွားရောက်ကြမယ်ဆိုပြီး စတင်စဉ်းစားရေးဆွဲကတည်းက မရောက်ဖူးသေးတဲ့မြို့တွေ၊ မရောက်တာကြာပြီဖြစ်တဲ့မြို့တွေ၊ ရောက်သင့်ရောက်ထိုက် လေ့လာသင့်တဲ့မြို့တွေကို ဖြတ်သန်းသွားကြမယ်ဆိုပြီး စီစဉ်ထားခဲ့ကြလို့ အခုလို ဒလမြို့ရှိရာကို ရောက်လာခဲ့ကြရတာပါ။ အရင်တုန်းက ငွေဆောင်၊ ချောင်းသာ စတဲ့ပင်လယ်ကမ်းခြေအပန်းဖြေစရာ နေရာတွေရှိရာကို သွားရောက်တိုင်း ရန်ကုန်မြို့ကနေ လှိုင်သာယာ ဘုရင့်နောင်တံတားကိုကျော်ဖြတ်ပြီး ညောင်တုန်း-ပန်းတနော်- ကျောင်းကုန်း-ကန်ကြီးထောင့်- ပုသိမ်လမ်းကဖြစ်ဖြစ်၊ မုံရွာ-ပုသိမ်လမ်းကဖြစ်ဖြစ် အလျဉ်းသင့်သလို သွားရောက်ခဲ့ကြတာပါ။ အခုသွားရောက်ကြမဲ့ တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ်လမ်းကနေ တစ်ခါမှ မသွားဖူးသေးပါဘူး။ ဒါကြောင့် အခုတစ်ခေါက်ခရီးစဉ်မှာ နယ်မြေသစ်အတွေ့အကြုံသစ်တွေကို တွေ့ရှိရမှာဖြစ်ပါတယ်။

ဒလမြို့ တည်းခိုရိပ်သာမှာ တစ်ညအိပ်ပြီးတာနဲ့ မနက်စောစောထ၊ လမ်းလျှောက်ရင်း ကမ်းနားလမ်းတစ်လျှောက်မှာရှိနေတဲ့ ကမ်းနားဈေးကို ခရီးဖော်တစ်ဦးနဲ့အတူ ရောက်ရှိလာခဲ့တယ်။ ဈေးရှိရာကို မနက်စောစောရောက်လာခဲ့ကြပေမဲ့ ဈေးကတစ်ညလုံး စည်းကားနေတယ်ဆိုတာကို သိလိုက်ရတယ်။ ဒလမြို့နဲ့ပတ်ဝန်းကျင်မြို့တွေ၊ ရွာတွေကထွက်တဲ့ ဒေသထွက်ကုန်အမျိုးမျိုးကို ရန်ကုန်မြစ်ကနေ စက်တပ်လှေတွေနဲ့ တင်ဆောင်ကူးပြီး ရန်ကုန်မြို့ကို သယ်ယူပို့ဆောင်ရောင်းဝယ်ဖောက်ကားနေကြတာပါ။ စက်တပ်လှေအများအပြားကလဲ ရန်ကုန်ဆိပ်ကမ်းနဲ့ ဒလဆိပ်ကမ်းကို အင်ဂျင်စက်ခုတ်မောင်းသံ တညံညံ ဥဒဟိုဖြတ်သန်းသွားလာနေကြတာကို တွေ့မြင်နေရတယ်။ ဈေးနဲ့ကမ်းနားလမ်းတစ်လျှောက်မှာ လေ့လာကြည့်ရှုပြီးတာနဲ့ အသင့်တွေ့ရတဲ့ လက်ဖက်ရည်ဆိုင်မှာ မနက်စာစားဖို့ ဝင်မှာလိုက်ကြတယ်။ မနက်စာ လက်ဖက်ရည်သောက်၊ မုန့်စားရင်းနဲ့ ဆိုင်အတွင်းကနေပဲ လူတွေ သွားလာနေတဲ့ မြင်ကွင်းတွေကို ကြည့်နေလိုက်ကြတော့တယ်။

မိမိတို့ကြည့်ရှုနေကြစဉ်အတွင်း ဒလမြို့ဘက်ကမ်းကနေ ရန်ကုန်မြို့ဘက်ကမ်းကို သားငါးတွေ၊ ဟင်းသီးဟင်းရွက်တွေ၊ ပန်းမျိုးစုံတွေ၊ အာလူးကြော်၊ ငါးမုန့်ကြော်တွေ သယ်ယူပို့ဆောင်နေကြတာကို အများအားဖြင့် တွေ့မြင်နေရတယ်။ ဒ့ါပြင် ထမင်းချိုင့်လေးတွေကိုယ်စီနဲ့ စက်တပ်လှေတွေပေါ် တက်ရောက်သွားကြသူတွေလဲ အမြောက်အမြားရှိနေကြတယ်။ ရန်ကုန်မြို့ကို နေ့ချင်းပြန်အလုပ်သွားရောက်လုပ်ကိုင်ကြတဲ့ အလုပ်သမားတွေဖြစ်မယ်ထင်ပါတယ်။ မြင်တွေ့နေရတဲ့မြင်ကွင်းတွေအရ ဒလမြို့ဘက်ကနေ ရန်ကုန်မြို့ဘက်ကိုသွားရောက်ကြသူတွေ အလွန်များပြားပြီး ရန်ကုန်ကနေ ဒလကို လာကြသူတွေ မရှိသလောက် နည်းပါးနေတယ်။ ညနေပိုင်း၊ ညပိုင်းအချိန်တွေမှာ ရန်ကုန်ကနေ ဒလမြို့ကို ပြန်လာကြသူတွေရှိတော့မှာပါ။

ကမ်းနားဈေးမှာ လက်ဖက်ရည်သောက်၊ မုန့်စားပြီးတာနဲ့ တည်းခိုရိပ်သာကို ပြန်လာခဲ့ကြတယ်။ တည်းခိုရိပ်သာကိုရောက်တဲ့အခါ ကျန်တဲ့ ခရီးဖော်တွေအားလုံးက ဆက်လက်ခရီးထွက်ခွာကြဖို့ အဆင်သင့်ဖြစ်နေကြပြီမို့ ပစ္စည်းတွေကို ကားပေါ်တင်ပြီး တည်းခိုရိပ်သာကနေ စတင်ထွက်ခွာလာခဲ့ကြတယ်။

ရေးဆွဲထားတဲ့ခရီးစဉ်အရ ဒလမြို့ကနေ တွံတေးမြို့ကို သွားရောက်ကြရမှာပါ။ လမ်းခရီးအကွာအဝေးပြမြေပုံကိုကြည့်လိုက်တော့ ဒလ-ကံဘဲ့လမ်းဆုံကို ၁၁ မိုင် သုံးဖာလုံ၊ ကံဘဲ့-တွံတေး ငါးမိုင်ခုနစ်ဖာလုံဖြစ်ကြောင်း သိလိုက်တယ်။ ဒီခရီးအကွာအဝေးက လမ်းကောင်းရင် တစ်ခဏသာ မောင်းနှင်ရမှာဖြစ်ပါတယ်။ မိမိတွက်ဆထားတဲ့အတိုင်း မနက် ၇ နာရီဝန်းကျင်လောက်မှာ ဒလမြို့ကနေ စတင်ထွက်ခွာလာကြတဲ့ မိမိတို့အဖွဲ့က မနက် ၈ နာရီမထိုးခင် တွံတေးမြို့ကို ရောက်လာခဲ့ကြတယ်။ ဒလ-တွံတေး ခရီးလမ်းတစ်လျှောက် လယ်ကွင်းလယ်ကွက်တွေ၊ ငါးမွေးမြူရေးကန်တွေ၊ ဌက်ပျောပင်တွေ၊ ကျူပင်




တွေ၊ ခနိပင်တွေ စိမ်းစိမ်းစိုစိုနဲ့ မြင်တွေ့လာခဲ့ရတယ်။ တွေ့မြင်နေရတဲ့ ရှုခင်းရှုကွက် မြင်ကွင်းတွေအားလုံးက လှလှပပသာသာယာယာတွေပါ။

တွံတေးမြို့အဝင်ကိုရောက်တော့ အသင့်စောင့်ကြိုနေတဲ့ မြို့ခံစာရေးဆရာတစ်ယောက်ကို တွေ့ရတယ်။ သူက မိမိတို့အဖွဲ့ကို မနက်စာကျွေးမွေးဧည့်ခံလိုကြောင်း ပြောကြားပေမဲ့ မိမိတို့က စားသောက်ခဲ့ကြပြီးဖြစ်နေလို့ မစားမသောက်ကြတော့ဘဲ တွံတေးမြို့ရဲ့ ကျက်သရေဆောင် ဘုရားကြီးတစ်ဆူဖြစ်တဲ့ ရွှေဆံတော်ဘုရားရှိရာကို ထွက်လာခဲ့ကြတယ်။ တွံတေးဆိုတာက မွန်ဘာသာအသံထွက် 'ကွမ်ဒေ' ကနေဆင်းသက်လာခဲ့ပြီး ကွမ်ဆိုတာ ရွာ၊ ဒေဆိုတာ တောင်ကုန်းဖြစ်ပြီး တောင်ကုန်းရွာလို့အဓိပ္ပာယ်ရနေတယ်။ တွံတေးက ရှေးမွန်ဘုရင်တွေ တည်ခဲ့တဲ့ မြို့တစ်မြို့ပါ။ ရှေးခေတ်က နန်းတော်ဟောင်းနေရာ၊ မြို့ရိုးနေရာအချို့ကို ယနေ့တိုင် မြင်တွေ့နေရသေးတယ်။ ရွှေဆံတော်ဘုရားကိုရောက်တော့ ရန်ကုန်မြို့က ရွှေတိဂုံစေတီတော်မြတ်ကြီးရဲ့ပုံစံအတိုင်း ဖူးမြော်တွေ့မြင်ကြရတယ်။ မျက်မြင်ကိုယ်တွေ့ ရောက်ရှိခဲ့ခြင်းမရှိဘဲ ဓာတ်ပုံနဲ့သာ ဖူးမြော်ကြရမယ်ဆိုရင် ရန်ကုန်မြို့က ရွှေတိဂုံဘုရားလို့သာ ပြောဆိုကြရတော့မှာဖြစ်ပါတယ်။ ဒ့ါပြင် မြတ်စွာဘုရားဒေသစာရီကြွချီတော်မူလာစဉ် သာဂရပညာ၊ ကုန်သည်ညီနောင်နှစ်ယောက်နဲ့ သုမနထေရ်ကြီးတို့ကို မြတ်စွာဘုရားရှင်က ဆံတော်နှစ်ဆူပေးသနားတော်မူခဲ့တာကြောင့် ဆံတော်နှစ်ဆူကို ဌာပနာပြုပြီး မေဒရကုန်းတော်ကြီးပေါ်မှာ မွန်ဘုရင် သမိန်ထောဗညားရံက မဟာသက္ကရာဇ် ၁၁၄ ခု၊ တန်ဆောင်မုန်းလပြည့်နေ့မှာ စေတီတော်ကို ပန္နက်တင်၊ မဟာသက္ကရာဇ် ၁၂၃ ခု တန်ခူးလပြည့်နေ့မှာ ထီးတော်တင်လှူပြီးစီးခဲ့ကြောင်း ဘုရားသမိုင်းအရ သိရှိရတယ်။ စေတီတော်ကြီးက ဉာဏ်တော်အမြင့် သံတောင် ၁၂၀၊ ဖိနပ်တော်သံတောင် ၈၀ ရှိနေတာကြောင့် ထုထည်လဲကြီး၊ မြင့်လဲမြင့်တဲ့စေတီတော်ကြီးအဖြစ် မြင်တွေ့ဖူးမြော်နေကြရတယ်။ စေတီတော်ကြီးကို ခေတ်အဆက်ဆက်ပြုပြင်မွမ်းမံလာခဲ့ကြတာကြောင့် အခုအချိန်မှာ ဉာဏ်တော်အမြင့် ၁၃၆ တောင်မြင့်နေပါပြီ။

စေတီတော်ကြီးကို ဖူးမြော်ကြည်ညိုရင်း ကျယ်ဝန်းလှတဲ့ ရင်ပြင်တော်ပေါ်မှာ လေ့လာကြရင်းနဲ့ ငယ်စဉ်ကလေးဘဝက တွေ့ကြုံပျော်မြူးစိတ်ဝင်စားခဲ့ရတဲ့ မြင်ကွင်းတစ်ခုကို စေတီတော်ရင်ပြင်ထောင့်တစ်နေရာမှာ အမှတ်မထင် တွေ့မြင်ခဲ့ရတယ်။ ဒါက တခြားတော့မဟုတ်ပါဘူး။ သတ်မှတ်အပေါက်ကလေးထဲကို ငွေအကြွေစေ့ကလေးထည့်လိုက်တာနဲ့ သံစုံတီးလုံးလေးတွေ မြည်လာပြီး အရုပ်ကလေးတွေ လှုပ်ရှားသွားလာကြတာပါ။ အရုပ်ကလေးတွေက အတွင်းဘက်တံခါးပေါက်တစ်ခုထဲကနေ မီးရထားလမ်းလို သံလမ်းအဝိုင်းလေးအတိုင်း ထွက်ပေါက်တံခါးလေးပွင့်ပြီး ထွက်လာလိုက်၊ ဝင်ပေါက်ကနေ ပြန်ဝင်သွားလိုက်နဲ့ အကြွေစေ့လေးတစ်စေ့ထည့်လိုက်တဲ့အခါတိုင်း တစ်ကြိမ်လှုပ်ရှားသွားလာနေကြတာဖြစ်ပါတယ်။ ဗုဒ္ဓဝင်ဇာတ်နိပါတ်လို၊ ကထိန်ပွဲလှည့်လည်လာသလို၊ အလှူမင်္ဂလာပွဲလှည့်လာသလို၊ အိုးစည်ဒိုးပတ်ဝိုင်းနဲ့ အကအခုန်တွေ စသဖြင့် အရုပ်တွေက သူ့နေရာ၊ သူ့အခန်းလေးတွေနဲ့သူ စုံလင်လှပါတယ်။ ဒီလိုမြင်ကွင်းမျိုးကို ငယ်ငယ်တုန်းက မန္တလေးမြို့ ရွှေကျီးမြင်ဘုရားရောက်တိုင်း မြင်တွေ့သဘောကျနှစ်သက်ခဲ့ဖူးပါတယ်။ ယခင်က ဘုရားစေတီတော်တော်များများမှာလဲ ရှိခဲ့ပါတယ်။ အခုခေတ်အချိန်ကာလတွေမှာ ပျောက်ကွယ်လု နီးပါးဖြစ်နေရာကနေ တွံတေးမြို့ ရွှေဆံတော်ဘုရားကိုရောက်တော့မှ ပြန်လည်တွေ့မြင်လာခဲ့ရတယ်။ ဒ့ါပြင် အရုပ်လေးတွေက လှုပ်ရှားကောင်းမွန်နေပြီး အကြွေစေ့လေးတွေ ထည့်လိုက်တိုင်း တစ်ပတ်ပြည့်အောင် လှည့်လည်သွားလာနေကြသေးတယ်။

ဘုရားဖူးအပြီး ရင်ပြင်တော်ပေါ်မှာ လေ့လာပြီးတာနဲ့ မြို့ခံစာရေးဆရာမိတ်ဆွေက ငါးကန်ကြီးတစ်ခုရှိတဲ့နေရာကို ဦးဆောင်ခေါ်သွားပေးတယ်။ ငါးကန်ကြီးက စေတီတော်ရဲ့တောင်ဘက်မုခ်အနီးမှာ တည်ရှိနေတာပါ။ တွံတေးမြို့ ရွှေဆံတော်ဘုရားမှာ ရှိနေတဲ့ ငါးကန်ကြီးက မန္တလေးမြို့ မဟာမုနိဘုရားကြီးမှာရှိနေတဲ့ ငါးကန်၊ စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရားမှာရှိနေတဲ့ ငါးကန်တွေနဲ့မတူပါဘူး။ ငါးကန်ကြီးရဲ့ဘေးပတ်ဝန်းကျင်မှာ သစ်ပင်၊ သစ်တောတွေရှိနေပြီး အုပ်အုပ်ဆိုင်းဆိုင်း အေးအေးမြမြရှိနေသလို ကန်ကြီးကလဲ အလွန်ကျယ်ဝန်းလှပါတယ်။ ဒ့ါပြင် ကန်ရေပြင်ရဲ့အလယ်မှာ ဇရပ်တစ်ဆောင်ရှိရာ ပေါင်းကူးတံတားရှည်တစ်ခုနဲ့ ဆက်သွယ်ပေးထားတယ်။ ဘုရားဖူးတွေက ပေါင်းကူးတံတားပေါ်ကနေ ဖြတ်လျှောက်သွားကြရင်း တံတားအောက်မှာ ရှိနေကြပြီး များပြားလှတဲ့ငါးကြီးတွေကို ငါးစာကျွေးကြရတယ်။ ငါးတွေက ရွှေရောင်၊ ငွေရောင်၊ အနီရောင် အရောင်တွေစုံလင်တဲ့အပြင် များလဲများ၊ ကြီးလဲကြီးကြတာကို တွေ့မြင်နေရတယ်။

ရွှေဆံတော်ဘုရားကနေ ပြန်ထွက်လာတာနဲ့ မြို့ခံစာရေးဆရာက ဗောင်းတော်ချုပ်ဘုရားကို လိုက်ပို့ပေးမယ်ဆိုပြီး ဦးဆောင်ခေါ်သွားပြန်ပါတယ်။ ဒါပေမဲ့ ဗောင်းတော်ချုပ်ဘုရားရှိရာကို မရောက်ခင် လမ်းဆုံးတစ်နေရာမှာ တွံတေးသိန်းတန်ရုပ်တုကို တွေ့မြင်ကြရတာကြောင့် ကားရပ်ပြီးလေ့လာကြည့်ရှုတာတွေ၊ မှတ်တမ်းဓာတ်ပုံရိုက်ကြတာတွေ လုပ်ကြရတယ်။ ရုပ်တုက ခန္ဓာကိုယ်အထက်တစ်ပိုင်းပုံပါ။ တွံတေးသိန်းတန်ရဲ့ ကြေးသွန်းရုပ်တုပုံက အလွန်လက်ရာမြောက်လွန်းတာကို တွေ့ရတယ်။ ဒ့ါပြင် ရုပ်တုကြီးကို ပိုပြီးအသက်ဝင်၊ အနုပညာလက်ရာမြောက်သွာစေတာက တွံတေးသိန်းတန် ကိုင်ဆောင်ထားတဲ့တယောပုံပါ။ ရုပ်တုနဲ့အတူ တယောပုံကိုလဲ ယှဉ်တွဲထုဆစ်ပုံဖော်ပေးထားတယ်။ ရုပ်တုရဲ့အောက်ခြေမှာ နိုင်ငံကျော်တေးရေး၊ အဆိုတော်၊ စာရေးဆရာ၊ ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား၊ သဘင်ဂန္ဓဝင်တေးသံရှင် တွံတေးသိန်းတန် ၁၉၄၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် မွေးဖွားသည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကွယ်လွန်သည်ဆိုပြီး ရေးသားဖော်ပြထားတာကို တွေ့ရတယ်။ မိမိတို့အဖွဲ့က ရုပ်တုကြီးအနီးမှာ အုပ်စုလိုက်ရော၊ တစ်ဦးချင်းရော ဓာတ်ပုံတွေရိုက်လိုက်၊ လှည့်ပတ်ကြည့်ရှုလိုက်နဲ့ စုစုရုံးရုံးဖြစ်နေကြတာကို တွံတေးမြို့သားလမ်းသွားလမ်းလာတွေက ဘာတွေလဲ၊ ဘယ်ကလဲဆိုတဲ့သဘောနဲ့ စူးစမ်းကြည့်ရှုသွားကြတာကို သတိထားလိုက်မိတယ်။

တွံတေးသိန်းတန်ရုပ်တုကို လေ့လာပြီး ဗောင်းတော်ချုပ်ဘုရားရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဗောင်းတော်ချုပ်ဘုရားဆိုတာ မြတ်စွာဘုရားရှင်ရဲ့ မဟာဗောဓိသတ္တဋ္ဌာန ၇ နေရာကို ပုံစံငယ်လေးတွေနဲ့ ပုံဖော်ပြုလုပ်ထားတဲ့နေရာပါ။ ဒါပေမဲ့ ဘုရားဝင်းကြီးက အလွန်ကျယ်ပြီး တစ်နေရာနဲ့တစ်နေရာ ဝေးကွာနေတာကြောင့် နေရာတိုင်းကို မရောက်နိုင်ကြတော့ပါဘူး။ အဓိကကျတဲ့နေရာလောက်ကိုသာ လေ့လာနိုင်ကြတော့တယ်။ ဗောင်းတော်ချုပ်ဘုရားကို မူလပထမဗောင်းတော်ချုပ်ဆရာတော်ကြီးက အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာကို ဘုရားဖူးမသွားနိုင်ကြသေးသူတွေအတွက် အာရုံခံဖူးမြော်ကြရအောင် ရည်မှန်းပြီး တည်ထားခဲ့ကြောင်း သိလိုက်ရတယ်။

ဗောင်းတော်ချုပ်ဘုရားမှာ လေ့လာပြီးတာနဲ့ မြို့ခံစာရေးဆရာက မင်္ဂလာကန်ပေါ်အေးစေတီ၊ ကျိုက်ဖူးကျိုက်ပါဘုရားရှိရာတွေကို လိုက်လံပို့ဆောင်ပေးပါတယ်။ သူ့အနေနဲ့ မိမိတို့အဖွဲ့ ရောက်တုန်းရောက်ခိုက်အချိန်မှာ ရောက်သင့်ရောက်ထိုက်၊ လေ့လာသင့်လေ့လာထိုက်နဲ့နေရာတွေကို စုံလင်အောင် ရောက်ရှိစေချင်တဲ့ စေတနာတွေအပြင် ဧည့်ဝတ်ကျေလိုတဲ့စိတ်တွေရှိနေတာကိုလဲ သိမြင်လိုက်ရတယ်။ တွံတေးမြို့ မင်္ဂလာကန်ပေါ် စေတီနဲ့ ကျိုက်ဖူးကျိုက်ပါဘုရားတွေကို ဆက်လက်သွားရောက်လိုက်ပါအုံးမယ်။

# စနေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲပြန်လည်ရယူလာမဲ့ ဘိုင်ယန်မြူးနစ်အသင်း၊ လီဗာပူးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ



ဒီတစ်ပတ်စနေနေ့ညမှာကစားမဲ့ ဥရောပပြိုင်ပွဲက အသင်းတချို့ဟာ ပြီးခဲ့တဲ့ကြားရက်မှာ ပွဲစဉ်အသီးသီးယှဉ်ပြိုင်ကစားခဲ့ရလို့ ပွဲပန်းလာမဲ့ အခြေအနေကြုံလာရနိုင်ပေမဲ့လဲ အမှတ်ပေးဇယားတွေမှာ ရမှတ်တွေ လိုအပ်ချက်ရှိနေကြတယ်ဆိုတာကို သတိပြုရမှာပါ။ ဒါပေမဲ့လဲ အကောင်းဆုံးခြေစွမ်းတွေနဲ့ နိုင်ပွဲတွေဆက်နေတဲ့ အသင်းတွေ၊ ရမှတ်လိုအပ်ချက်တွေကြောင့် ရုန်းကန်ကစားရမဲ့အသင်းတွေကြောင့်လဲ ဒီတစ်ပတ်ဥရောပပွဲစဉ်တွေမှာ ပြိုင်ဆိုင်မှုတွေ ပိုမိုပြင်းထန်လာနိုင်ပါတယ်။ ပြီးခဲ့တဲ့ကြားရက်မှာဆိုရင် ပရီးမီးယားလိဂ်အမှတ်ပေးဇယားထိပ်ဆုံးနေရာကို ရောက်ရှိနေတဲ့ လီဗာပူးအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ နိုင်ပွဲရပ်တန့်ခဲ့ရသလို ဘိုင်ယန်မြူးနစ်အသင်းဆိုရင်လဲ ဂျာမန်ပိုကယ်ဖလားပြိုင်ပွဲမှာ ရှုံးပွဲတွေ့ခဲ့ရတာကြောင့် ဒီအပတ်ပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ လိုအပ်နေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဥရောပအမှတ်ပေးပွဲစဉ်တစ်ချို့မှာ နိုင်ပွဲပြန်လည်ရှာဖွေလာမဲ့ လီဗာပူးအသင်း၊ ဘိုင်ယန်မြူးနစ်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို ရွေးချယ်ရမှာပါ။

## လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)ကစားအပြီးမှာ လီဗာပူးအသင်းဟာ ရမှတ် ၃၅ မှတ်နဲ့အတူ အကောင်းဆုံးခြေစွမ်းပြပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ လက်ရှိမှာ တိုက်စစ်ပိုင်းအကောင်းဆုံးပုံစံမှာရှိနေပြီး လက်ရှိချန်ပီယံမန်စီးတီးလိုအသင်းကို တောင် ပေးဂိုးမရှိဘဲ နှစ်ဂိုးပြတ်အနိုင်ရယူထားနိုင်တာကို တွေ့ရပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ကြားရက်အဝေးကွင်းပွဲစဉ်မှာ နယူးကာဆယ်အသင်းနဲ့ သုံးဂိုးစီသရေရလဒ်သာ ယှဉ်ပြိုင်ကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့် အခုတစ်ပတ်ပွဲစဉ်မှာတော့ ဒီရာသီခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတဲ့ အဲဗာတန်အသင်းကိုတော့ ဖိအားပေးကစားနိုင်ပါလိမ့်မယ်။ လီဗာပူးအသင်းဟာ နောက်ဆုံးပြိုင်ပွဲစုံ ၁၇ ပွဲဆက် ရှုံးပွဲမရှိသလို ပရီးမီးယားလိဂ်အိမ်ကွင်းပွဲစဉ် ငါးပွဲဆက်အနိုင်ရထားတာကြောင့် သူတို့အသင်းရဲ့ အခုရာသီခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။

အဲဗာတန်အသင်းကတော့ ပြီးခဲ့တဲ့ကြားရက် အိမ်ကွင်းပွဲစဉ်မှာ ဝုဗ် အသင်းကို ဂိုးပြတ်အနိုင်ရယူပြီး နိုင်ပွဲပြန်လည်ရှာတွေ့ခဲ့တယ်ဆိုပေမဲ့ သူတို့အသင်းရဲ့ခြေစွမ်းပိုင်းကတော့ တည်ငြိမ်မှုမရှိသေးပါဘူး။ အဲဗာတန်အသင်းဟာ အမှတ်ပေးဇယားအဆင့် (၁၅)နေရာမှာ ရပ်တည်နေပြီး ပြီးခဲ့တဲ့ကြားရက်ပွဲစဉ်မှာ နိုင်ပွဲပြန်လည်ရှာတွေ့ခဲ့ပြီး အိမ်ကွင်းငါးပွဲဆက် ရှုံးပွဲမရှိထားဘူးဆိုပေမဲ့ အသင်းရဲ့လက်ရှိခံစစ်ပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ ပရီးမီးယားလိဂ်ပွဲစဉ် ၁၄ ပွဲမှာ ၂၀ ဂိုးအထိ ပေးထားရတာကြောင့် တိုက်စစ်ပိုင်းကောင်းမွန်နေတဲ့ လီဗာပူးအသင်းကို ခြေစွမ်းပိုင်းအသာစီးရယူကစားနိုင်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားပိုင်းအသာရနေတဲ့ လီဗာပူးအသင်းကို ရွေးချယ်ရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၁ | - | ၀ | အဲဗာတန် |
| ဝက်စ်ဟမ်း | ၀ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၀ | - | ၀ | ဘရန့်ဖို့ဒ် |
| မန်ယူ | ၄ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၄ | - | ၀ | ဝုဗ် |

### လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၀ | အေဗီလာ |
| ဆောက်သမ်တန် | ၂ | - | ၃ | လီဗာပူး |
| လီဗာပူး | ၂ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| လီဗာပူး | ၂ | - | ၀ | မန်စီးတီး |
| နယူးကာဆယ် | ၃ | - | ၃ | လီဗာပူး |

## ဘိုင်ယန်မြူးနစ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်မှာ ဂျာမန်ဘွန်ဒက်စ်လီဂါအမှတ်ပေးပြိုင်ပွဲတွေထဲက အကြိုက်တွေ့မိတာကတော့ ဘိုင်ယန်မြူးနစ်နဲ့ ဟိုက်ဒန်ဟိမ်းအသင်းတို့ရဲ့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိဘိုင်ယန်မြူးနစ်အသင်းက နည်းပြကွန်ပနီ လက်ထက်မှာ အကောင်းဆုံးခြေစွမ်းပိုင်းကြောင့် အမှတ်ပေးဇယားထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ ကြားရက်ဂျာမန်ပိုကယ်လ်ဖလားပွဲစဉ်မှာ လေဗာကူဆင်အသင်းကို အိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့ပေမဲ့ အမှတ်ပေးပြိုင်ပွဲမှာတော့ ရလဒ်ပိုင်းနဲ့ အကောင်းဆုံးပုံစံမှာရှိနေတာကို တွေ့ရပါတယ်။ ဒ့ါပြင် ဘိုင်ယန်မြူးနစ်အသင်းဟာ နောက်ဆုံးအိမ်ကွင်းပွဲစဉ် သုံးပွဲမှာ ရဂိုး ၁၀ ဂိုးထိ သွင်းယူထားနိုင်တာကြောင့် သူတို့ အသင်းရဲ့ တိုက်စစ်ပိုင်းကို အကောင်းဆုံးထိန်းချုပ်ကစားနိုင်ဖို့ဆိုတာ ခက်ခဲပါလိမ့်မယ်။ ဟာရီကိန်း၊ ဆာနေ၊ မူဆီလာတို့လို ကစားသမားတွေခြေစွမ်းပြကစားနိုင်သလို လိုင်မာ၊ ကင်မ်တို့လို ခံစစ်ကစားသမားတွေကလဲ ခြေစွမ်းပိုင်းတည်ငြိမ်နေတာကြောင့် အခုပွဲစဉ်မှာလဲ ဟိုက်ဒန်ဟိမ်းအသင်းကို အသာစီးရယူကစားသွားမှာပါ။ ဒ့ါပြင် သူတို့အသင်းဟာ ဟိုက်ဒန်ဟိမ်းအသင်းကို အိမ်ကွင်းတွေ့ဆုံမှုတွေမှာလည်း ခြေစွမ်းပိုင်းအသာစီးရယူကစားနိုင်သလို အခုပွဲစဉ်မှာလဲ တိုက်စစ်ပိုင်း အသာရနေတာကြောင့် ဖိအားပေးကစားလာပါလိမ့်မယ်။

ဟိုက်ဒန်ဟိမ်းအသင်းကတော့ ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၁၂) အပြီးမှာ ရမှတ် ၁၀ မှတ်နဲ့ တန်းဆင်းဇုန်အမှတ်ပေးဇယားအဆင့်(၁၆)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းဟာ နောက်ဆုံးလေးပွဲဆက် ရှုံးနိမ့်ထားသလို အသင်းရဲ့ခံစစ်ပိုင်းကလည်း တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ ပြီးခဲ့တဲ့ ဖရန့်ဖတ်အသင်းနဲ့ အိမ်ကွင်းပွဲစဉ်မှာ ဂျင်ဘာ၊ မာန္တမ်ဘတ်ချ်တို့လို ခံစစ်ကစားသမားတွေ ခြေစွမ်းပိုင်းကျဆင်းနေပြီး လေးဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းလို အဘက်ဘက်က သာလွန်နေတဲ့အသင်းကို ထိန်းချုပ်ကစားနိုင်ဖို့ခက်ခဲမှာပါ။ ဒ့ါပြင် ဟိုက်ဒန်ဟိမ်းအသင်းဟာ အခုရာသီမှာ ဘွန်ဒက်စ်လီဂါအမှတ်ပေးပြိုင်ပွဲအပြင် ဥရောပပြိုင်ပွဲဖြစ်တဲ့ ယူရိုပါကွန်ဖရင့်လိဂ်ပြိုင်ပွဲမှာ ပါဝင်ရောက်ယှဉ်ပြိုင်ကစားနေတာကြောင့် သူတို့အသင်းရဲ့ ကစားသမားအင်အားမလုံလောက်မှုနဲ့ ပွဲပန်းမှုဒဏ်ကြောင့် ရလဒ်တွေကတည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ အမှတ်ပေးဇယားအဆင့်(၂) နေရာက ဖရန့်ဖတ်အသင်းနဲ့ အိမ်ကွင်းပွဲစဉ်မှာလဲ ပွဲချိန်ဒုတိယပိုင်းမှာ အသင်းရဲ့ ခံစစ်ပိုင်းက တည်ငြိမ်မှုမရှိဘဲ ပေးဂိုးတွေ ဆက်တိုက်ပေးခဲ့ရပြီး ဂိုးပြတ်ရှုံးနိမ့်ခဲ့ရတာပါ။

ဒါကြောင့် ဘိုင်ယန်မြူးနစ်အသင်းလို ခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့အသင်းကိုဟိုက်ဒန်ဟိန်းအသင်းအနေနဲ့အဝေးကွင်းမှာ ရလဒ်ကောင်းအောင်ယှဉ်ပြိုင်ကစားဖို့ ခက်ခဲမှာဖြစ်တာကြောင့် ဘိုင်ယန်မြူးနစ်အသင်းကို အားပေးရမှာပါ။

### ဘိုင်ယန်မြူးနစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စိန့်ပေါ်လီ | ၀ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | အော့စ်ဘတ် |
| ဘိုင်ယန်မြူးနစ် | ၁ | - | ၀ | ပီအက်စ်ဂျီ |
| ဒေါ့မွန် | ၁ | - | ၁ | ဘိုင်ယန်မြူးနစ် |
| ဘိုင်ယန်မြူးနစ် | ၀ | - | ၁ | လေဗာကူဆင် |

### ဟိုက်ဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟတ် | ၀ | - | ၂ | ဟိုက်ဒန်ဟိမ်း |
| ဟိုက်ဒန်ဟိမ်း | ၁ | - | ၃ | ဝုဖ်ဘတ် |
| လေဗာကူဆင် | ၅ | - | ၂ | ဟိုက်ဒန်ဟိမ်း |
| ဟိုက်ဒန်ဟိမ်း | ၀ | - | ၂ | ချဲလ်ဆီး |
| ဟိုက်ဒန်ဟိမ်း | ၀ | - | ၄ | ဖရန့်ဖတ် |

## ရီးရဲလ်မက်ဒရစ်အသင်း ရလဒ်ကောင်းမှာပါ

ဒီတစ်ပတ် စပိန်လာလီဂါအမှတ်ပေးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဂျီရိုနာအသင်းနဲ့ ရီးရဲလ်မက်ဒရစ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိမှာ ရီးရဲလ်မက်ဒရစ်အသင်းက စပိန်လာလီဂါပွဲစဉ်(၁၅)အပြီးမှာ အမှတ်ပေးဇယားဒုတိယနေရာမှာ ရပ်တည်နေပြီး အဆင့်(၁)နေရာက ဘာစီလိုနာအသင်းနဲ့ ရမှတ် လေးမှတ်ကွာဟနေပါတယ်။ ဒီရာသီ ရီးရဲလ်မက်ဒရစ်အသင်းရဲ့ခြေစွမ်းပိုင်းက ဥရောပပွဲစဉ်ဖြစ်တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရုန်းကန်နေရပြီး အဝေးကွင်းနောက်ဆုံးနှစ်ပွဲမှာလည်း ရှုံးနိမ့်ထားပါတယ်။ တိုက်စစ်ပိုင်းက ပြင်သစ်ကစားသမားအမ်ဘတ်ပေရောက်လာပြီးနောက်ပိုင်း ရိုဒရီဂို၊ ဘယ်လင်ဟမ်တို့နဲ့ တွဲဖက်ကစားနိုင်ပေမဲ့လည်း ဒီကစားသမားတွေရဲ့ လက်ရှိခြေစွမ်းပိုင်းကတော့ အဝေးကွင်းပွဲစဉ်တွေမှာ တည်ငြိမ်မှုမရှိတာကို တွေ့ရပါတယ်။ သူတို့အသင်းဟာ လာမဲ့ကြားရက်မှာ အီတလီစီးရီအေကလပ် အတ္တလန္တာအသင်းနဲ့ ချန်ပီယံလိဂ်အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမှာဖြစ်ပေမဲ့လဲ အခုပွဲစဉ်မှာ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဂျီရိုနာအသင်းကိုတော့ အသာစီးရယူကစားသွားမှာပါ။

လက်ရှိမှာ အမှတ်ပေးဇယားအဆင့်(၈)နေရာက ဂျီရိုနာအသင်းက ပြီးခဲ့တဲ့နှစ်ကတော့ ခြေစွမ်းပိုင်းမာကျောမှုမရှိတာကို တွေ့ရပါတယ်။ ဒ့ါပြင် သူတို့အသင်းဟာ စပိန်လာလီဂါ၊ ချန်ပီယံလိဂ်၊ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွေကို ဆက်တိုက်ဆင်နွှဲရတာကြောင့် ကစားသမားတွေရဲ့ ခြေစွမ်းပိုင်းနဲ့ ရလဒ်ပိုင်းကျဆင်းနေပြီး ပြိုင်ပွဲစုံနောက်ဆုံးသုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးထားပါတယ်။ ဂျီရိုနာအသင်းဟာ ပြီးခဲ့တဲ့အဝေးကွင်းပွဲစဉ်မှာလဲ နောက်ကလိုက်ကစားပြီး နှစ်ဂိုးစီနဲ့ သရေရလဒ်ရရှိခဲ့တာကြောင့် တိုက်စစ်ပိုင်းက ဂိုးရရှိနေပေမဲ့လဲ ခံစစ်ပိုင်းဆိုးရွားနေတာကြောင့် လက်ရှိရလဒ်တွေ ကျဆင်းနေတာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာလဲ ရီးရဲလ်မက်ဒရစ်အသင်းရဲ့တိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်မှာမဟုတ်တာကြောင့် ခြေစွမ်းပိုင်းအသာရနေတဲ့ ရီးရဲလ်မက်ဒရစ်အသင်း ရလဒ်ကောင်းမှာပါ။

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူဒီလိုရွှန်နက်စ် | ၀ | - | ၀ | ဂျီရိုနာ |
| ဗီလာရီးရဲလ် | ၂ | - | ၂ | ဂျီရိုနာ |
| စတန်းဂရပ် | ၁ | - | ၀ | ဂျီရိုနာ |
| ဂျီရိုနာ | ၄ | - | ၁ | အက်စ်ပန်ညို |
| ဂီတာဖေး | ၀ | - | ၁ | ဂျီရိုနာ |

### ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘီလ်ဘာအို | ၂ | - | ၁ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၂ | - | ၀ | ဂီတာဖေး |
| လီဗာပူး | ၂ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| လီဂါနက်စ် | ၀ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | အိုဆာဆူနာ |

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) မှ

## ရွေးချယ်တင်မြှောက်ပွဲအခမ်းအနား

### သို့ တက်ရောက်ပေးပါရန်ဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ၏ ၂၀၂၅-၂၀၂၇ ခုနှစ် သက်တမ်းအတွက် အလုပ်အမှုဆောင်(အသစ်) ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ (၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ နှစ်စဉ်ကြေးပေးသွင်း ပြီးသူများ)အားလုံး (လူကြီးမင်းကိုယ်တိုင်) တက်ရောက်ပေးနိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်နေ့ရက် - | (၁၈.၁.၂၀၂၅) စနေနေ့။ |
| ကျင်းပမည့်အချိန် - | နံနက် (၀၉း၀၀ နာရီမှ နေ့လည် (၁၂း၀၀)နာရီအထိ။<br>(နံနက် - ၈ း ၃၀ နာရီ ကြိုတင်နေရာယူပေးပါရန်) |
| ကျင်းပမည့်နေရာ - | မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) HALL ခန်းမ၊ ၇၈ လမ်း၊ ၃၄ လမ်းထောင့်၊ ရတနာပုံစူပါစင်တာ (၄)လွှာ၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |

မှတ်ချက်။ ။ အသင်းဝင်ကဒ်ပြားယူဆောင်လာပြီး တက်ရောက်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
မန္တလေးတိုင်းဒေသကြီး


# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဒီဇင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၁၁၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၆၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၇၆၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့ သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်မာမာဦးက ပြောပြသည်။

ယခုနှစ် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၀၈ ဧက၊ လဟယ်မြို့နယ်တွင် ဧက ၆၅၀၊ ထန်ပါခွေမြို့တွင် ဧက ၁၅၀၊ နန်းယွန်းမြို့နယ်တွင် ဧက ၁၀၀၊ ဒုံဟီးမြို့တွင် ဧက ၅၀၊ ပန်ဆောင်မြို့တွင် ၇၂ ဧက စုစုပေါင်း ဧက ၁၁၃၀ ဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၂၄ ဧက၊ လဟယ်မြို့နယ်တွင် ၇၅၆ ဧက၊ ထန်ပါခွေမြို့တွင် ၁၄၂ ဧက၊ နန်းယွန်းမြို့နယ်တွင် ဧက ၄၃၀၊ ဒုံဟီးမြို့တွင် ၁၃၂ ဧက၊ ပန်ဆောင်မြို့တွင် ၂၈၁ ဧက စုစုပေါင်း ၁၇၆၆ ဧက ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပခုက္ကူမြို့နယ် ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပခုက္ကူ ဒီဇင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လစဉ် ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်မှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ပခုက္ကူမြို့နယ် ရေလဲဇီးတောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ၊ အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၅ ဦးကို ငွေကျပ် ၅၃ ဒသမ ၀၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုညို**

**Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

- ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း
- ငွေသွင်းငွေထုတ်ခြင်း / ငွေလွှဲခြင်း
- Skynet Bill Payment ပေးသွင်းခြင်း
- Gift Card ပေးခြင်း
- Internet Bill ပေးဆောင်ခြင်း
- E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း
- လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း
- ပြည်ပ ငွေလွှဲ (ထိုင်း)
- ဈေးဝယ်ခြင်း

Myanmar MOBILE MONEY



**အငြိမ်းစား** လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

**သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....**

ရွှေဖီဦး BLACK TEA (ရောင်တရား)ကို Export Quality စာဆောင်စီမှာ ထုတ်လုပ်ဖြန့်ဖြူး လျက်ရှိပါသည်။

**ရွှေဖီဦး**

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၀၆၅၅၊ ၀၉ ၄၂၀၂၀၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## ဦးစစ်လှိုင်

## အသက် (၈၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ အမှတ် ၆၆/၁ (၈၄ လမ်း၊ ၂၈-၂၉ လမ်းကြား)နှင့် အမှတ် ၄/၁၀၉(ခ)၊ ၁၇ လမ်း(ဗိုလ်ချုပ်လမ်း-ကံ့ကော်လမ်းကြား)၊ အေးသာယာ စက်မှုဇုန်၊ တောင်ကြီးမြို့နေ

(ဦးကျော်ငါး + ဒေါ်လုံမလေး)တို့၏သား၊
ဦးအောင်လင်း(ဦးအောင်)တို့၏ညီ
မန္တလေးမြို့နေ ဒေါ်အေးအေး၊ ဒေါ်ခင်အေးမြင့်တို့၏ အစ်ကို၊
ဦးအေးထွန်း(တီးတီး)၊ ဦးမျိုးထွန်း(ကိုငယ်)၊ ဦးကျော်မိုးတို့၏ဖခင်
ဒေါ်သန်းငြိမ်း (ခ) ဒေါ်မြင့်မြင့်ငြိမ်း၏
ချစ်လှစွာသော ခင်ပွန်း
**ဦးစစ်လှိုင် အသက် (၈၃)နှစ်**

သည် ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလကွယ်၊ စနေနေ့(၃၀-၁၁-၂၀၂၄) နံနက် (၅:၀၀)နာရီချိန်တွင် တောင်ကြီးမြို့၊ မိုးသုခဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပြီဖြစ်ပါ၍ ယင်းနေ့တွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ဆေးတက္ကသိုလ်(တောင်ကြီး)သို့ ဆေးပညာအကျိုးရှေးရှုလျက် လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေးမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

5 Digits Online Lottery

**(၅)ကြိမ်မြောက် 5 Digits အောင်ဘာလေအွန်လိုင်းထီ လက်မှတ်များကို ဒီဇင်ဘာလ(၁)ရက်နေ့မှ (၁၅) ရက်နေ့အထိ စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!**



B ခ · ဆ G · ယ Z · U ပ · HA ဟ · ထ Q · အ AH

777 Call Center
aungbarlay.ird.gov.mm
Scan Me
App Store · Google Play

ABL APP is now AVAILABLE in both MM and ENG versions!

## အမည်မှန်

မလှိုင်မြို့ အ.ထ.က(မြို့သစ်) Grade-10 တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်သင်း (၉/မလန(နိုင်)၁၁၅၄၃၄ ၏သား မောင်ထူးဝဏ္ဏအောင်၏ အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ မောင်ထူးဝဏ္ဏကျော်ဖြစ်ပါကြောင်း။ မောင်ထူးဝဏ္ဏကျော်

## ပျောက်ဆုံးကြောင်း

သာယာဝတီမြို့၊ လမ်းမတော်လမ်း၊ အလယ်ကုန်းရပ်ကွက်နေ မောင်တိုးတိုးဦး (ဘ) ဦးစိန်တီး (၇/သဝတ(နိုင်)၀၆၂၀၈၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၉၁၅၉၄၄၇

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **သစ်ပင်သစ်တောစိုက်ပျိုးခြင်းများဖြင့် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက် လျှော့ချနိုင်သဖြင့် ဒေသအသီးသီးရှိ ကျေးရွာအုပ်စုများအလိုက် သစ်တောစိုက်ခင်းများစိုက်ပျိုးပြီး နိုင်ငံတစ်ဝန်း၌ သစ်ပင်သစ်တောများ ဖြစ်ထွန်းအောင်မြင်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို...**

❖ **သစ်တောပြုန်းတီးမှုများ မရှိစေရေးအတွက်လည်း အမျိုးသားရေးစိတ်ဓာတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေ ၂၂ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**ပထမနှစ် အဝေးသင် သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်**

စာမျက်နှာ- ၂၂

**ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ Online အသုံးပြု၍ ငွေလိမ်လုပ်ငန်းလုပ်ကိုင်နေသူ တရုတ်နိုင်ငံသား ၁၈ ဦးနှင့် မြန်မာနိုင်ငံသား ၂၇ ဦးတို့ကို ငွေလိမ်လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ**

စာမျက်နှာ- ၂၃

## သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင်ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ




၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်း ဖမ်းဆီးရမိမှု။

**နေပြည်တော် ဒီဇင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။

စာမျက်နှာ ၂၃ ကော်လံ ၄ ☆

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၅၉